

စိတ်တူးချိချိအနုပညာ
တက္ကသိုလ်ရွှေရိုဝင်း
မီးကိုစားသောကျောက်တုံးနှင့်
အခြားနိုင်ငံတကာပုံပြင်များ
mgyoe.com

mgyoe.com



ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၆၃၀၀၁၇၀၅၁၀ နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၃၀၀၂၃၀၆၁၀ တို့ဖြင့်
မျက်နှာဖုံးဒီဇိုင်းကို ဣ.ဒ.ဝ ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လတွင် တန်ဖိုး ၁၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။



၃၀၃
ရွှေရိုင်း။ တက္ကသိုလ်
မိးကိုစားသောကျောက်တုံးနှင့် အခြားနိုင်ငံတကာပုံပြင်များ / တက္ကသိုလ်ရွှေရိုင်း။ - ရန်ကုန်။ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။
၊ ၁၈.၇ စင်တီ× ၂၅.၄ စင်တီ
(၁) မိးကိုစားသောကျောက်တုံးနှင့် အခြားနိုင်ငံတကာပုံပြင်များ

mgyoe.com

mgyoe.com

# မာတိကာ


၁။ ဗင်းနစ်မြို့မှကုန်သည်(အီတလီနိုင်ငံ) ၁
၂။ အလွန်စပ်စုသော လုလင်လေး(အက်စတိုးနီးယား) ၇
၃။ ကြောက်ခြင်းကိုတွေ့ရှိသော လူငယ်(တူရကီနိုင်ငံ) ၁၃
၄။ ပိန်လှီသောအဘိုးအဘွားမောင်နှံ(အရှေ့အာဖရိကနိုင်ငံ) ၁၉
၅။ မှော်ဆရာမင်းသားလေး(အီဂျစ်နိုင်ငံ) ၂၅
၆။ ချည်ငင်ရစ်တံ၊ လွန်းနှင့်ဇာထိုးအပ်(ဂျာမနီနိုင်ငံ) ၃၂
၇။ ဆံပင်ဖြူနေသော လူပုလေး(လစ်သူနီးယားနိုင်ငံ) ၃၉
၈။ ကံစီမံထားသော အိမ်ထောင်ရေး(ဂရိနိုင်ငံ) ၄၅
၉။ ပထမဦးဆုံးကြောင်(အိုက်စလင်) ၅၂
၁၀။ မီးကိုစားသောကျောက်တုံး(ကိုရီးယား) ၅၈
၁၁။ ဘီလူးများကို လှည့်စားခြင်း(လက်ပလင်) ၆၄
၁၂။ ယူဒီနှင့် သူ၏အစ်ကိုများ(လစ်ဗျား) ၇၀
၁၃။ အီဖာရာနှင့် သတ္တဝါကြီး(မဒါဂါစကား) ၇၆
၁၄။ မြေအိုးနှင့်ထည့်ထားသော ရွှေအိုးများ(အိုင်ယာလန်) ၈၃
၁၅။ ဗေဒင်ဆရာလေး ခရက်(အီတလီ) ၉၀
၁၆။ ဂျူးလူမျိုး ဆေးဆရာနှင့် နတ်တို့စံရာမြေ(အစ္စရေး) ၉၇


mgyoe.com

mgyoe.com

၁၇။ ဘင်တူနိုင်ငံ ဖြစ်ပေါ်လာပုံ(အာဖရိက) ၁၀၄
၁၈။ အိုင်ယာလန်မှ နတ်သားလေး(အိုင်ယာလန်) ၁၁၀
၁၉။ ပုတ်သင်ညို ဖြစ်ပေါ်လာပုံအကြောင်း(မက္ကဆီကို) ၁၁၆
၂၀။ လိမ္မာပါးနပ်သောလိပ်ကလေး(နိုင်ဂျီးရီးယား) ၁၂၃
၂၁။ ယူအီအာနှင့် ငါးဖမ်းပိုက်(နယူးဇီလန်) ၁၂၈
၂၂။ ပင်လယ်ရေငန်ရခြင်းအကြောင်း ၁၃၄
၂၃။ ငြိမ်းချမ်းရေးရရှိသောနေ့ ၁၄၁
၂၄။ လိပ်၏ကျောကုန်းတွင် အခွံဖြစ်လာပုံ ၁၄၄
၂၅။ ပီယာရီအရူး ၁၅၁
၂၆။ မြေအောက်ကမ္ဘာမှ ဘုရင်ကြီး ၁၅၈
၂၇။ လိပ်၏သတို့သမီး ၁၆၅
၂၈။ ကတိစကား ၁၇၁
၂၉။ ပညာရှိသောသမီးလေး ၁၇၈
၃၀။ အလွန်သေးငယ်သောမင်းသားလေး ၁၈၅
၃၁။ အင်ဒီယန်းစင်ဒရဲလား ၁၉၂
၃၂။ ပင့်ကူနတ်သမီးလေး ၁၉၈
၃၃။ အင်ဒရိုကလေးနှင့် ခြင်္သေ့ ၂၀၄
၃၄။ သေမင်းခေါ်သံ ၂၁၁
၃၅။ ကျေးဇူးမသိတတ်သော သူဌေး ၂၁၇

mgyoe.com

mgyoe.com

၁

# ဗင်းနစ်မြို့မှကုန်သည်

ဟိုးရှေးရှေးတုန်းက အီတလီနိုင်ငံ ဗင်းနစ်မြို့မှာ ဘာစီနီယို ဟုခေါ်သော လူငယ်တစ်ယောက်ရှိသည်။ သူ လက်ထပ်လိုသည့် မိန်းကလေး၏အမည်မှာ ပေါ်ရှားဖြစ်သည်။ ဘာစီနီယိုမှာ ဆင်းရဲပြီး ပေါ်ရှားက ချမ်းသာသော သူဌေးသမီးဖြစ်သည်။ ထို့ကြောင့် ဘာစီနီယို သည် သူ၏သူငယ်ချင်း အင်တိုနီယိုထံသို့သွား၍ အကူအညီတောင်း လေသည်။

အင်တိုနီယိုသည် ချမ်းသာသော သူဌေးဖြစ်၍ ဘာစီနီယိုက သူ့ကို ပေါင် ၃၀၀၀ ချေးရန် တောင်းဆိုသည်။

ဘာစီနီယို ပိုက်ဆံချေးသည့်အချိန်တွင် အင်တိုနီယို၏ ကုန် သင်္ဘောများသည် ကုန်စည်များဖြင့် ခရီးသွားနေသည့်အချိန် ဖြစ်သည်။ ထို့ကြောင့် အင်တိုနီယိုတွင် ချေးစရာငွေကြေး အဆင်သင့်မဖြစ်ပါ။ သူ့တွင်ရှိသမျှ ငွေကြေးများကို သူ၏ကုန်သင်္ဘောများနှင့် ကုန်ပစ္စည်း များတွင် သုံးထား၍ဖြစ်သည်။

သူ၏ ကုန်ကူးနေသော သင်္ဘောများသည် မကြာမီ ဗင်းနစ်သို့ ပြန်ရောက်လာမည်ကို သူသိသည်။

mgyoe.com

mgyoe.com




အင်တိုနီယိုသည် သူ၏သူငယ်ချင်း ဘာစီနီယိုကို ကူညီလိုသောကြောင့် အလွန်ချမ်းသာသော သူဌေးကြီး ရှားလော့ထံသို့ သွား၍ ချေးလေသည်။

ရှားလော့သည် ဂျူးလူမျိုးဖြစ်သည်။ ထိုအချိန်က ဂျူးလူမျိုးနှင့် ခရစ်ယာန်လူမျိုးတို့ကြားတွင် မုန်းတီးမှုများဖြစ်နေသည့်အချိန်ဖြစ်သည်။

mgyoe.com

mgyoe.com


ယခင်က အင်တိုနီယိုသည် ရှားလော့အား ပိုက်ဆံချေးရာတွင် အတိုးများစွာယူသောလူအဖြစ် အမြဲနှိမ်ချပြောဆိုတတ်သည်။ ထို့ကြောင့် ယခု အင်တိုနီယိုက သူ့ထံပိုက်ဆံလာချေးသောအခါ ရှားလော့က မထီမဲ့မြင်ဖြင့်ဆက်ဆံသည်။

နောက်ဆုံးတွင် ရှားလော့သည် အင်တိုနီယို တောင်းသောငွေများကို ကျေကျေနပ်နပ်ဖြင့် ချေးလိုက်သည်။ သို့သော် ကတိဝန်ခံချက်တစ်ခုကို လက်မှတ်ရေးထိုးရန် တောင်းဆိုသည်။ သူ၏ တောင်းဆိုချက်မှာ သတ်မှတ်ထားသောကာလတွင် ချေးထားသောငွေကို ပြန်မဆပ်နိုင်ပါက အင်တိုနီယို၏ အသားတစ်ပေါင်ကို သူ့အား ပေးရမည်ဟူ၍ဖြစ်သည်။ အင်တိုနီယို၏အသားကို ဖြတ်ရာတွင် သူကြိုက်သည့်အပိုင်းကို သူဖြတ်ယူမည်ဟုလည်း စာချုပ်တွင်ပါရှိသည်။

ရှားလော့က သူ၏စာချုပ်သည် နောက်ပြောင်သည့်သဘောသာဖြစ်သည်ဟု ဟန်ဆောင်ပြောဆိုသည်။

အင်တိုနီယိုသည် ရှားလော့ထံမှ ပိုက်ဆံချေးခဲ့သည်။ ဘာစီနီယိုက အင်တိုနီယိုထံမှ ထိုပိုက်ဆံကို တစ်ဆင့်ချေးခဲ့သည်။

ငွေများ လက်ဝယ်ရပြီးသည့်နောက်ပိုင်းတွင် ဘာစီနီယိုသည် သူ့ချစ်သူ ပေါ်ရှားနှင့် လက်ထပ်၍ရသွားသည်။ ထိုအချိန်တွင် ဘာစီနီယို၏မိတ်ဆွေက ပေါ်ရှား၏အိမ်ဖော် နာရစ်ဆာနှင့် လက်ထပ်ခဲ့သည်။

အားလုံး ချောချောမောမော အဆုံးသတ်သည်ဟု ယူဆနေကြချိန်တွင် အဆင်မပြေသော ကိစ္စတစ်ခုဖြစ်လာသည်။ ၎င်းမှာ အင်တိုနီယို၏ ကုန်သင်္ဘောများသည် လေမုန်တိုင်းတိုက်ခတ်သောကြောင့် အားလုံးနစ်မြုပ်သွားသည်ဟူသော သတင်းဖြစ်သည်။

ထို့ကြောင့် အင်တိုနီယိုသည် သူကတိပြုထားသောရက်တွင်

mgyoe.com

mgyoe.com


ငွေများ ပြန်ဆပ်၍မဖြစ်နိုင်တော့ချေ။ ထိုအခါ ရှားလော့က အင်တိုနီယိုအား တရားစွဲလေသည်။ ရှားလော့သည် တရားသူကြီးဖြစ်သူ ဗင်းနစ်မြို့စားကြီးရှေ့တွင် သူ၏အမှုကို တင်ပြသည်။

ရှားလော့က သူနှင့် အင်တိုနီယိုတို့ ချုပ်ဆိုထားသော စာချုပ်အရ အင်တိုနီယို၏အသားစတစ်ပေါင်ကို ရယူလိုပါသည်ဟု ပြောသည်။

ထိုသတင်းကိုကြားရသော် ဘာစီနီယို၏ဇနီး ပေါ်ရှားသည် တရားရုံးကို သွားရောက်ပြီး ကူညီရန်ကြံစည်သည်။ ပေါ်ရှားသည် သူ့ကိုယ်သူ ယောကျ်ားလေးရှေ့နေအသွင် ပြင်ဆင်ကာ တရားရုံးသို့ တက်ရောက်သည်။ သူနှင့်အတူ သူ၏အဖော် နာရစ်ဆာကိုလည်း ယောကျ်ားအသွင် ဝတ်ဆင်စေကာ ရှေ့နေနောက်လိုက်အဖြစ် ခေါ်သွားသည်။ သူတို့၏ခင်ပွန်းများအား သူတို့အကြံအစည်များကို လုံးဝမပြောဘဲနေကြသည်။ ထို့ကြောင့်လည်း တရားခွင်တွင် ယောကျ်ားလေးရှေ့နေအသွင်ဖြင့် ရောက်နေကြသော သူတို့၏ဇနီးများကို ဘာစီနီယိုရော၊ သူ၏သူငယ်ချင်းပါ မမှတ်မိကြပါ။

တရားခွင်တွင် ရှေ့နေအသစ်လေးဖြစ်သော ပေါ်ရှားက အင်တိုနီယိုကို ခွင့်လွှတ်ပေးပါရန် ရှားလော့ကို အသနားခံလေသည်။ သို့သော် ရှားလော့က လက်မခံပါ။ သူသည် ပေါ်ရှား၏ပြောစကားများကို နားမထောင်နိုင်ပါ။ သူနှင့်အတူ လက်မှတ်ထိုးထားသော စာချုပ်တွင် ရေးသားထားသည့်အတိုင်း တစ်သဝေမတိမ်းလုပ်ရန်ကိုသာ တောင်းဆိုသည်။ ပို၍ရက်စက်သည်မှာ ရှားလော့က သူသည် အင်တို နီယို၏အသားကို လှီးဖြတ်ရာတွင် နှလုံးနှင့်နီးသော အသားကိုသာ လှီးဖြတ်လိုသည်ဟု တောင်းဆိုသည်။

တရားခွင်တွင်ရှိသော လူများအားလုံးသည် ရှားလော့၏

mgyoe.com

mgyoe.com

တောင်းဆိုမှုကိုကြားသော် အံ့ဩတုန်လှုပ်သွားကြသည်။ ရှားလော့၏ ဆိုလိုချက်မှာ အင်တိုနီယိုသည် အသက်ဆုံးရှုံးရမည်ဖြစ်သည်။

ပေါ်ရှားသည် အလွန်ပါးနပ်လိမ္မာသော ရှေ့နေလေးအသွင်ဖြင့် လှုပ်ရှားရပါတော့သည်။ သူက ရက်စက်သော ရှားလော့၏ တောင်းဆိုမှုသည် တရားဥပဒေအရ မှန်ကန်သည့်အတွက် သူ ပြောသည့်အတိုင်း လိုက်နာရမည်ဟုပြောသည်။ သို့သော် သူကဆက်၍ ပြောသည်မှာ ရှားလော့သည် အင်တိုနီယို၏အသားကို လှီးဖြတ်ရာတွင် သွေးတစ်စက်မျှမကျစေရဟူ၍ဖြစ်သည်။ အကြောင်းမှာ သူတို့ ချုပ်ဆိုထားသော စာချုပ်တွင် ရှားလော့က အင်တိုနီယို၏ အသားတစ်ပေါင်ကို လှီးဖြတ်မည်သာပါပြီး သွေးဆိုသည့်စကားမပါဟု ရှင်းပြသည်။

ရှားလော့ နားလည်လိုက်ပါသည်။ ဤစာချုပ်တွင် သူ ရှုံးတော့မည်ဖြစ်သည်။ သို့သော် ပေါ်ရှားဘက်က အမှုစီရင်မှုမပြီးသေးပါ။ ပေါ်ရှားက ဆက်၍ပြောသည်မှာ ရှားလော့သည် တခြားလူတစ်ယောက်၏အသက်ကို ထိခိုက်ပါက အသက်ပြန်၍ပေးရမည်ဟူ၍ ဖြစ်သည်။

တရားသူကြီးဖြစ်သော ဗင်းနစ်မြို့စားက လိမ္မာပါးနပ်သော ငယ်ရွယ်သော ရှေ့နေလေး ပြောဆိုချက်ကို သဘောတူလက်ခံခဲ့သည်။ သူက ဆက်၍ ရှားလော့ကိုလည်း သူက ခွင့်လွှတ်မည်ဟု ပြောသည်။ ရှားလော့က ဘာစီနီယိုကို ခွင့်လွှတ်သောစိတ် မရှိခဲ့သော်လည်း သူက ရှားလော့ကို ခွင့်လွှတ်မည်ဟု ပြောသည်။

တရားသူကြီးက ရှားလော့၏အသက်ကို ချမ်းသာခွင့် ပေးရန်ဆုံးဖြတ်သည်။ ထို့အတွက် သူ၏ ငွေကြေးများနှင့် အစားထိုးသင့်သည်ဟုဆိုသည်။ ရှားလော့ပိုင်ဆိုင်သော ငွေကြေးတစ်ဝက်ကို

mgyoe.com

mgyoe.com

ဗင်းနစ်မြို့၏ပိုင်ဆိုင်မှုအဖြစ် သတ်မှတ်ရသည်။ ကျန်တစ်ဝက်ကို အင်တိုနီယိုအား ပေးရမည်။ အဘယ့်ကြောင့်ဆိုသော် ရှားလော့က အင်တိုနီယို၏အသက်ကို ရန်ရှာရန်အတွက် ကြိုတင်ပြင်ဆင်မှု ပြုခြင်းကြောင့် ဖြစ်လေသည်။

ယခုအခါတွင် အရာရာသည် အဆင်ပြေသွားပြီး လူတိုင်း မှာလည်း ပျော်ရွှင်နေကြသည်။ သို့သော် ရှားလော့တစ်ယောက်မှာမူ မပျော်ရွှင်နိုင်ပေ။

ရှားလော့၏သမီး ဂျက်စီကာလေးအတွက်လည်း အစစ အရာရာ အဆင်ပြေခဲ့သည်။ ဂျက်စီကာသည် ရှားလော့ သဘောမတူ သောသူနှင့် လက်ထပ်သဖြင့် ရှားလော့က သမီးအဖြစ်မှ စွန့်လွှတ်ကာ အမွေဖြတ်ခဲ့သည်။

အင်တိုနီယိုအတွက် ယခုအချိန်သည် ဂျက်စီကာတို့လူငယ် ဇနီးမောင်နှံအတွက် ကောင်းကျိုးဆောင်ရွက်ဖို့ အခွင့်ပင်ဖြစ်သည်။ အကယ်၍ ရှားလော့သည် သူ၏ပိုင်ဆိုင်မှုများကို သမီးဂျက်စီကာတို့ ဇနီးမောင်နှံကိုပေးပါက တရားရုံးက ဆုံးဖြတ်ချက်အရ သူ့ကိုပေးထား သောငွေများကို မယူပါဟု ပြောလေသည်။

ရှားလော့သည် စိတ်မကောင်းခြင်းကြီးစွာနှင့် သဘောတူ ခဲ့သည်။

ပုံပြင်၏အဆုံးတွင် ‌ေလမုန်တိုင်းတိုက်သဖြင့် နစ်မြုပ်သွားပြီ ဟုထင်ခဲ့သော အင်တိုနီယို၏ သင်္ဘောများသည် ဘေးမသီ ရန်မခဘဲ ဗင်းနစ်ဆိပ်ကမ်းသို့ ရောက်လာခဲ့သည်။ ထို့ကြောင့် အားလုံး ပျော်ပျော် ရွှင်ရွှင်ဖြင့် နေထိုင်သွားကြသည်။

●

mgyoe.com

mgyoe.com

# အလွန်စပ်စုသော လုလင်လေး

ရှေးရှေးတုန်းက လူငယ်တစ်ယောက်သည် တခြားလူများ၏ ကိစ္စများတွင် စပ်စပ်စုစုလုပ်ရသည်ကို ပျော်လေသည်။ တစ်စုံတစ်ယောက်မှမသိသော ကိစ္စတစ်ခုခုကို သူသိလိုက်ရလျှင် ပို၍ပျော်လေသည်။

သူသည် ငှက်များနှင့် တိရစ္ဆာန်များ၏ ဘာသာစကားကို လေ့လာလေသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် လူတို့မမြင်ရ၊ မကြားရသောအရာများကို မြင်နိုင် ကြားနိုင်သောကြောင့်ဖြစ်သည်။ ထိုကဲ့သို့ လေ့လာစပ်စုမှုများပြုသော်လည်း သူ ကျေနပ်မှုမရရှိခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် မှောင်ထဲတွင် တိရစ္ဆာန်များပင် မမြင်နိုင်သော အရာကို သူ မြင်တွေ့ရသောကြောင့်ဖြစ်သည်။ သူသည် မှောင်မည်းလျက်ရှိသော ညအချိန်တွင်မှ တစ်စုံတစ်ယောက်မှ အဖော်မပါဘဲ စကားပြောသံများကို ကြားရ၍ဖြစ်သည်။

ထိုကဲ့သို့ တီးတိုးပြောသံများကြားရသော အခိုက်အတန့်မှစ၍ လူရွယ်သည် စိတ်ဝေဒနာခံစားရလေသည်။ ထို့ကြောင့် သူသည် မှော်ပညာရှင်များထံ သွားရောက်၍မေးမြန်းသည်။ ဤညအမှောင်၏

mgyoe.com

mgyoe.com

လျှို့ဝှက်ချက်ကို စူးစမ်းစပ်စုသည်။ သို့သော် မအောင်မြင်ပါ။

**မှော်ဆရာအဘိုးအို၏ သတိပေးချက်**

နောက်ဆုံးတွင် အသက်အရွယ်အကြီးဆုံးနှင့် ဉာဏ်ပညာအရှိဆုံး မှော်ဆရာကြီးတစ်ယောက်ကို တွေ့လေသည်။ ထိုအဘိုးအိုက သူ့အားယခုလိုပြောလေသည်။ "လူလေး၊ မသိရမယ့်အရာကို မသိဘဲနေတာကောင်းပါတယ်။ အဲဒီအရာကိုသိတဲ့အတွက် ပျော်ရွှင်မှုကို မရဘဲ စိတ်ပူပင်ကြောင့်ကြမှုကိုပဲ ရလိမ့်မယ်။ တချို့ကိစ္စတွေဟာ တို့တွေမသိနိုင်အောင် ဖုံးကွယ်ထားတယ်။ အဲဒါကို တို့တွေသိသွားရင် ငြိမ်းချမ်းမှုရှိတော့မှာမဟုတ်ဘူး"

သို့သော် လူရွယ်သည် အဘိုးအို၏သတိပေးချက်ကို နားမထောင်ချေ။ နောက်ဆုံးတွင် မှော်ဆရာကြီးက ဤသို့ ဆက်၍ရှင်းပြသည်။

"တကယ်လို့ မင်းကဆက်ပြီး ဒီလျှို့ဝှက်တားမြစ်ချက်ကို သိချင်ရင် မနက်ဖြန်ညမှာ နေရာတစ်နေရာကို သွားရလိမ့်မယ်။ အဲဒီနေရာကတော့ ၇ နှစ်မှာတစ်ခါ မြွေဘုရင်ကြီးဟာ သူ့ရဲ့နန်းတော်ထဲမှာ ပွဲကျင်းပတဲ့နေရာဖြစ်တယ်။ အဲဒီမြွေဘုရင်ကြီးရဲ့ ရှေ့မှာရှိတဲ့ ဆိတ်နို့ထည့်ထားတဲ့ ရွှေရောင်ပန်းကန်လုံးရှိတယ်။ မင်းက အဲဒီပန်းကန်ထဲကို ပေါင်မုန့်နှစ်ပြီး အဲဒီပေါင်မုန့်ကိုစားရမယ်။ ဒါဆိုရင် ညရဲ့လျှို့ဝှက်ချက်ကို မင်းသိရလိမ့်မယ်။ ဒါပေမဲ့ ဒီလိုလုပ်ဖို့အတွက် မင်းဟာ ယောကျ်ားကြီးတစ်ယောက်ရဲ့ သတ္တိထက် ပိုလွန်တဲ့သတ္တိကို ပြရမယ်။ နောက်ပြီး မင်းအောင်မြင်ရင်တော့ မင်းတစ်သက်တာမှာ နောင်တရပြီး စိတ်ဆင်းရဲရလိမ့်မယ်"

လူရွယ်သည် မှော်ဆရာကြီးအား ကျေးဇူးတင်စကား ပြောဆို

mgyoe.com

mgyoe.com


လေသည်။ ပြီးလျှင် မြွေဘုရင်ကြီး ပွဲတော်ကျင်းပရာ မြေရိုင်းရှိရာသို့ သွားခဲ့သည်။ နေဝင်သည့်အချိန်တွင် ထိုနေရာသို့ရောက်ခဲ့သည်။ ထိုနေရာတွင် တောင်ပို့ငယ်များ၊ တောင်ပူစာများ ပြည့်နှက်နေသည်။ သူသည် ချုံပုတ်တစ်ခုနောက်တွင် ပုန်းအောင်းကာ ညသန်းခေါင်အချိန်ကို စောင့်နေသည်။

သူစောင့်နေသောအချိန်သို့ နီးကပ်လာသောအခါ အလင်းရောင်တစ်ခုသည် မြေရိုင်းကွင်းပြင်အလယ်ရှိ အကြီးဆုံး တောင်ပူစာတွင်းမှ ထွက်လာသည်။ ထိုအလင်းရောင် ထွက်လာသည်နှင့် တစ်ပြိုင်တည်းမှာပင် တခြားတောင်ပို့ငယ်များသည် လှုပ်ရှားစ ပြုလာသည်။ ထိုတောင်ပို့ငယ်များ လှုပ်ရှားပြီး မကြာမီ တောင်ပို့ငယ်တစ်ခုဆီမှ မြွေရာပေါင်းများစွာ ထွက်လာကြသည်။ သူတို့သည် သူတို့၏ အရှင်သခင် မြွေမင်းကြီးရှိရာအရပ်သို့ ရွေ့လျားကြသည်။

**ကြောက်လွန်းသဖြင့် လှုပ်ရှား၍မရနိုင်အောင်ဖြစ်ခြင်း**

ထိုအချိန်တွင် လူရွယ်သည် သူ ပုန်းအောင်းနေသောနေရာတွင်းမှ ကြောက်လန့်ကာ လှုပ်ရှား၍မရအောင် ဖြစ်နေသည်။ သို့သော် အားတင်းကာ ချောင်း၍ကြည့်လိုက်သောအခါ မြွေဘုရင်ကြီး၏ ရှေ့တွင် ဆိတ်နို့ထည့်ထားသော ပန်းကန်လုံးတင်ထားသည့် စင်ကို တွေ့လေသည်။ ထိုအခါ သူ၏ မမြင်နိုင်သောအရာများကို မြင်လိုသည့်စိတ်သည် သူ၏ကြောက်စိတ်ကို အနိုင်ယူသွားသည်။

သူသည် လေးဖက်ထောက်၍ ရှေ့သို့တိုးကာ သွားခဲ့သည်။ မြွေဘုရင်ကြီးမှာ အလွန်ကြီးလှသည်။ သူ၏ကိုယ်လုံးမှာ သစ်ပင်၏ ပင်စည်လောက်ရှိသည်။ သူ၏ခေါင်းထက်ရှိ သရဖူမှာ အလင်းရောင်များ ဖြာထွက်လျက်ရှိသည်။ ထိုသရဖူမှ အလင်းရောင်ကို လူရွယ်သည်

mgyoe.com

mgyoe.com

အဝေးမှမြင်ရခြင်းဖြစ်သည်။ တောင်ပို့အသီးသီးမှ မြွေများသည် အရောင်မျိုးစုံ၊ အရွယ်မျိုးစုံဖြင့် တစ်ကောင်ကိုတစ်ကောင် ရစ်ပတ်ကာ မြွေတွန်သံများမြည်လျက် သူတို့အရှင်သခင်ရှေ့ရှိ ရွှေပန်းကန်လုံးကို ဝိုင်းရံလျက် လှုပ်ရှားနေကြသည်။ မြွေအရေအတွက် မည်မျှများပြားပါသနည်းဟူသော မေးခွန်းကို ဖြေရလျှင် ကမ္ဘာပေါ်တွင် ရှိရှိသမျှ မြွေများစုထားသလားဟု ထင်ရသည်ဟုဖြေရမည်။

လူရွယ်သည် အလျင်အမြန် အပြေးလေးသွားကာ လက်ထဲရှိ ပေါင်မုန့်ကို နို့ခွက်ထဲနှစ်ကာ သူ့ပါးစပ်ထဲသို့ ပစ်ထည့်ပြီး လာလမ်းအတိုင်း ပြန်၍ပြေးလေသည်။ သန်းပေါင်းများစွာသော အဆိပ်ရှိသော မြွေများသည် သူ့ကို လှမ်း၍ပေါက်ရန်ပြုကြသည်။ မြွေပါးစပ်များမှ ဒေါသတကြီးမြည်တွန်သံမှာ နားကွဲမတတ် ဆူညံနေလေသည်။ သို့သော် မြွေများမှာ တစ်ကောင်နှင့်တစ်ကောင် ရစ်ပတ်ကာ ချည်နှောင်ထားသလို ဖြစ်နေသောကြောင့် လူရွယ်က နွားနို့ခွက်ရှေ့ကိုရောက်ပြီး ထွက်ပြေးသွားသည်အထိ သူတို့ ဘယ်လိုမှ လိုက်၍မရဖြစ်ခဲ့သည်။

မြွေ၏လက်တွင်းမှ လွတ်မြောက်လာသော လူရွယ်မှာ အလွန်ကြောက်လွန်းသဖြင့် မရပ်မနားပြေးလိုက်သည်မှာ အမောဆို့ပြီး လဲကျသွားသည်အထိ ဖြစ်သည်။ သူ သတိရ၍ နိုးလာသောအခါ မွန်းတည့်နေသည် သူ့အပေါ်သို့ ဖြာဆင်းလျက်ရှိသည်။ သူသည် အန္တရာယ်များမှ လွတ်မြောက်ခဲ့ပြီဟုတွေးကာ ပျော်နေသည်။ တစ်နေ့လုံး နေအလင်းရောင်အောက်တွင် နားနေခဲ့သည်။ ညအချိန်သို့ ရောက်သောအခါ တောတွင်းသို့ဝင်ရောက်ကာ ညနေ လျှို့ဝှက်ချက်ကို မြင်တွေ့ရန်အတွက် သစ်ပင်တစ်ပင်ပေါ်သို့ တက်ခဲ့သည်။

ညသန်းခေါင်အချိန်သို့ ရောက်သောအခါ မြေအောက်မှ ရွှေရောင်ရှိသော အလင်းရောင်များ ထွက်ပေါ်လာသည်။ အကြောင်းမှာ

mgyoe.com



သစ်ပင်တိုင်းသည် အသက်ဝင်ကာ သစ်ပင်ထဲမှ အလွန်လှပသော သစ်ပင်စောင့်နတ်သမီးလေး များ ထွက်ပေါ်လာကြ၍ဖြစ်သည်။ သူတို့သည် ညစဉ် ဤတောထဲတွင် ပျော်ရွှင်စွာ ကခုန်ကြသည်။

ထိုသစ်ပင်စောင့်နတ်သမီးများသည် အလွန် လှပကြသဖြင့် လုရွယ်သည် ထိုနတ်သမီးများကို ကြည့်၍မဝ ဖြစ်နေ သည်။

**ပျော်ရွှင်စွာ ကခုန်၍ ပွဲများကျင်းပခြင်း**

နတ်သမီးလေးများသည် တစ်ညလုံး တောထဲတွင် ကခုန်ကြ သည်။ သူတို့၏ ရွှေရောင်နတ်နန်းများထဲတွင် စားပွဲများ ကျင်းပကြ သည်။ သို့သော် နံနက်ခင်းအလင်းရောင် ကျရောက်သည်နှင့် နတ်သမီး လေးတို့သည် သူတို့နှင့်သက်ဆိုင်သော အပင်များတွင်းသို့ ဝင်ရောက် ကာ သူတို့နေထိုင်ရာ နန်းတော်များမှာ မြေအောက်သို့ ဝင်သွားသည်။

တစ်နေ့တာ ကုန်ဆုံးရန်အတွက် စောင့်မျှော်ရသည်မှာ လုရွယ်အတွက် တစ်နှစ်လောက်ကြာသည်ဟု ခံစားရသည်။ ညအချိန် သို့ရောက်သောအခါ လုရွယ်သည် တောထဲသို့ဝင်ခဲ့ပြန်သည်။ သို့သော် သူသည် နတ်ဘုံနတ်နန်းလည်းမတွေ့ရ၊ နတ်သမီးများကိုလည်း မတွေ့ရပါ။ သူသည် စိတ်မလျှော့ဘဲ ညစဉ်ညတိုင်း သွား၍စောင့်ခဲ့

mgyo.com

mgyoe.com


သည်။ သို့သော် သူသည် နတ်သမီးလေးများကို မတွေ့ရတော့ပါ။

သူသည် စွဲလမ်းသောစိတ်ဖြင့် နေ့ရောညပါ တွေးတောပူပန်ပြီး ကျန်းမာရေး ချို့တဲ့လာသည်။ သူသည် မြွေဘုရင်ကြီး ပွဲတော်ကျင်းပမည့်အချိန် နောက်ထပ် ၇ နှစ်ဆိုသော ကာလရောက်အောင် စောင့်ရမည်ဖြစ်သည်။ သို့သော် ဤမျှကြာရှည်သောအချိန်ကို သူစောင့်ပါမည်လား။ သူ၏အသက်သည် ၇ နှစ်ကြာအောင် ခံနိုင်ပါမည်လား။ မော်ဆရာကြီးပြောသကဲ့သို့ 'မသိရမယ့်အရာကို မသိတာဘဲ ကောင်းပါတယ်' ဆိုသောစကားသည် မှန်ကန်နေပါသည်။

mgyoe.com

mgyoe.com

# ကြောက်ခြင်းကိုတွေ့ရှိသော လူငယ်

ဟိုးရှေးရှေးတုန်းက ကြောက်ရွံ့မှုဆိုသည်ကို မသိသော လူငယ်တစ်ယောက်သည် ထိုကြောက်ရွံ့မှုကို ရှာဖွေရန်အတွက် ခရီးထွက်ခဲ့သည်။

သူသည် သူ၏ရွာမှ ထွက်ခွာခဲ့ပြီး လူသူအရောက်အပေါက်မရှိသည့် တောင်ကုန်းများပေါ်သို့ တက်ခဲ့သည်။ နောက်ဆုံးတွင် ခိုးသားဓားပြအုပ်စုတစ်စုကို မီးဖိုတစ်ဖိုဘေးတွင် ဝိုင်းဖွဲ့ထိုင်နေသည်ကိုတွေ့သည်။ လူငယ်သည် ဓားပြအုပ်စုကြားထဲသို့ဝင်ပြီး ထိုင်ကာမီးလှုံလေသည်။

ဓားပြခေါင်းဆောင်က "ငါတို့ဆီကို လက်နက်ရှိတဲ့လူတွေတောင် ဝင်ရဲတာမဟုတ်ဘူး။ မင်းက ဘယ်သူမို့ အခုလိုဝင်လာရတာလဲ" ဟုပြောသည်။

လူငယ်က "ကျွန်တော်ဟာ ကြောက်ရွံ့မှုကိုရှာဖို့အတွက် အိမ်ကထွက်လာတာဖြစ်ပါတယ်။ ကျွန်တော် ဘယ်လိုနေရာမှာ ရှာရမလဲခင်ဗျာ" ဟုမေးသည်။

ဓားပြဗိုလ်က "ကြောက်ရွံ့မှုဆိုတာ ငါတို့ ဘယ်မှာပဲဖြစ်ဖြစ်ရှိတာပဲ"

mgyoe.com

mgyoe.com



ဟုဖြေသည်။

လူငယ်သည် ဘေးဘီကိုလှမ်းကြည့်ပြီး "ဘယ်နေရာမှာလဲ၊ ကျွန်တော် ခင်ဗျားတို့လူစုက လွဲပြီး ဘာမှမတွေ့ဘူး" ဟုပြောသည်။

လူဆိုးများသည် လူငယ်၏စကားကြောင့် အံ့သြသွားကြသည်။ နောက်ဆုံးတွင် ဓားပြခေါင်းဆောင်က "ဒီအိုးကိုယူပြီး ဟိုးရှေ့က သုသာန်ကို သွားပေတော့။ အဲဒီမှာ မီးထည့်ပြီး ငါ့အတွက် မုန့်ဖုတ်ပေးပါ" ဟုပြောသည်။

လူငယ်က 'ကောင်းပါပြီ။ အခု ခင်ဗျားတို့နဲ့အတူ မီးလှုံလိုက်ရလို့ နွေးသွားပြီ။ ဒီတော့ ကျွန်တော်က ခင်ဗျားအတွက် တစ်ခုခုတော့ လုပ်ပေးသင့်တာပေါ့" ဟု ပြန်ဖြေလိုက်သည်။

mgyoe.com

**မုန့်ဖုတ်ခြင်း**

လူငယ်သည် လူသေများ မြှုပ်နှံထားသည့် အုတ်ဂူရှိရာ သုသာန်သို့သွားခဲ့သည်။ ထိုသုသာန်ရှိ ဂူများပေါ်တွင် ဦးထုပ်ပုံများ ထုလုပ်ထားသည်။ လူငယ်သည် ထိုသုသာန်တွင် မီးဖိုသည်။ ညသန်းခေါင်ရောက်လာသည်အထိ သူဖုတ်နေသော မုန့်မှာ မကျက်သေးပါ။ မုန့်ကျက်သည်နှင့် သူ့နောက်ဘက်ရှိ သစ်ပင်မှ လက်တစ်ဖက်ထွက်လာပြီး စကားပြောသံ ကြားရသည်။

"ဒီမုန့်က ငါ့အတွက်လား"

လူငယ်သည် စိတ်ဆိုးမာန်ဆိုးနှင့် "မဟုတ်ဘူး" ဟု ပြောလိုက်သည်။ ပြီးလျှင် ဆက်၍ "ဒီမုန့်ကို ငါမသိတဲ့လူစိမ်းကို ပေးမယ်လို့ထင်နေတာလား" ဟု မေးလိုက်သည်။ ထိုသို့ပြောရင်း မုန့်လှမ်းတောင်းနေသောလက်ကို ဓွန်းနှင့်ခေါက်လိုက်သည်။ ပြီးလျှင် ဘာမှမဖြစ်သလို ရယ်မောကာ မုန့်ကိုယူပြီး ဓားပြများနေထိုင်ရာ တောင်ပေါ်သို့တက်ခဲ့သည်။

ဓားပြများက "မင်း ကြောက်ရွံ့တာကို တွေ့ခဲ့ပြီလား" ဟု ဆီး၍ မေးကြသည်။

လူငယ်က "မတွေ့ခဲ့ပါဘူး၊ ဘာမှကို မတွေ့ခဲ့ရတာ။ အဲ... ဒါပေမဲ့ ကျွန်တော့်နောက်က သစ်ပင်ကနေ လက်တစ်ဖက် ထွက်လာပြီး ဒီမုန့်ကို လုဖို့လုပ်တယ်။ ဒါနဲ့ ကျွန်တော်လည်း ဓွန်းနဲ့ အဲဒီလက်ကိုခေါက်ပြီး ဒီကိုလာခဲ့တာပဲ" ဟုပြောသည်။

ဓားပြများသည် လူငယ်၏စကားကြောင့် ပို၍အံ့သြသွားသည်။ သူတို့ထဲမှ တစ်ယောက်က လက်မလျှော့သေးဘဲ–

"တကယ်လို့ လသာနေတုန်း မင်း ဒီတောင်ပေါ်ကို ဆက်ပြီးတက်သွားရင် တခြားတစ်ဖက်မှာ သိပ်ကိုနက်တဲ့ ရေအိုင်တစ်ခုကို

mgyoe.com

mgyoe.com

တွေ့လိမ့်မယ်။ အဲဒီပတ်ဝန်းကျင်မှာ မင်း ကြောက်ရွံ့တာကို တွေ့နိုင်တယ်" ဟု ပြောသည်။

လူငယ်က "ဟုတ်တာပေါ့။ ကျွန်တော် တွေ့ရင်တွေ့ရမှာ။ ခင်ဗျားတို့က ကျွန်တော့်ကို လမ်းညွှန်တာ နှစ်ခါရှိပြီပဲ" ဟုပြောကာ ခရီးဆက်ခဲ့သည်။

မကြာမီပင် ကျောက်ဆောင်များ၏ ဘေးတွင်ရှိသော အနက်ရောင်ရေအိုင်တစ်ခုဆီ ရောက်သွားသည်။ ထိုရေအိုင်အပေါ်တွင် သစ်ချောင်းများသည် ဖြာထွက်နေကြပြီး သစ်ချောင်းတစ်ကိုင်းတွင် ဒန်းတစ်ခုကို ဆင်ထားသည်။ ထိုဒန်းပေါ်တွင် ကလေးငယ်တစ်ယောက်သည် ထိုင်လျက် ဝမ်းနည်းစွာ ငိုကြွေးနေသည်။

လူငယ်က "ထူးဆန်းလိုက်တာ၊ ဒီပေါ်တက်ပြီး ဒန်းကို ဘယ်လိုဆင်ထားတာပါလိမ့်။ ကလေးက ဘယ်လိုလုပ်ပြီး ရောက်နေတာပါလိမ့်" ဟု အံ့သြစွာ ပြောလိုက်သည်။

ထိုအချိန်တွင် ရေထဲမှ အလွန်လှပသော မိန်းကလေးတစ်ယောက် ထွက်လာပြီး သူ့ကို စကားပြောသည်။

"အစ်ကိုရယ် ကျွန်မရဲ့မောင်လေးကို ဒန်းပေါ်ကနေ အောက်ကိုချပေးပါရှင်။ ဒန်းက သိပ်ကိုမြင့်လွန်းတယ်။ ဒီတော့ ကျွန်မက အစ်ကို့ရဲ့ပခုံးပေါ်တက်ပြီး သူ့ကိုချရင်ရလို့မယ်"

## မြွေနှင့်တူသောခြေထောက်

လူငယ်က "ရပါတယ်ခင်ဗျာ ကူညီရမှာပေါ့" ဟုပြောလိုက်သည်။ ထိုကဲ့သို့ ပြောလိုက်သည်နှင့် ချက်ချင်းပင် ရေထဲမှ ထွက်လာသော နတ်သမီးသည် လူငယ်၏ပခုံးပေါ်တွင် မတ်တတ်ရပ်လျက်ဖြစ်သွားသည်။ သို့သော် ထိုမိန်းကလေး သူ့ပခုံးပေါ်သို့ မတ်တတ်

mgyoe.com

mgyoe.com

ရပ်လိုက်သည်နှင့် သူ၏ခြေထောက်များသည် မြွေများကဲ့သို့ သူ့ကို ရစ်နှောင်၍ထားလေသည်။ သို့သော် သူသည် ရှိသမျှအင်အားများကို စုစည်းကာ ရုန်းကန်ပြီး ထိုမိန်းကလေးကို သူ့ပခုံးပေါ်မှ အောက်သို့ ပြုတ်ကျအောင် ခါချလိုက်သည်။ ထိုမိန်းကလေးသည် မြေပေါ်သို့ ကျသည်နှင့် ပျောက်သွားကာ သစ်ပင်တွင်ချိတ်ထားသော ဒန်းမှာလည်း ပျောက်သွားသည်။

လူငယ်က "ဒီတောင်ပေါ်မှာကလည်း ထူးထူးဆန်းဆန်းတွေ ချည်းပါပဲလား"ဟုပြောလိုက်သည်။ ပြီးလျှင် တောင်ပေါ်မှ ဆင်းခဲ့သည်။ သူက "အခုထက်ထိလည်း ကြောက်ရွံ့တာကို ဘယ်မှာမှ ရှာမတွေ့ပါလား။ ငါ ဘယ်လိုများ သူ့ကို ရှာရပါ့မလဲ" ဟု ဆက်၍ပြောသည်။

တောင်ခြေရင်းသို့ ရောက်သောအခါ မြို့တစ်မြို့သို့ ရောက်ရှိသွားသည်။ ထိုမြို့ရှိလူများသည် ဗလီတစ်ခု၏ရှေ့တွင် စုဝေးလျက်ရှိသည်ကိုတွေ့ရသည်။

လူငယ်က "ဘာဖြစ်လို့လဲ" ဟု စူးစမ်းသည်။

လူအုပ်ထဲမှတစ်ယောက်က "ကျွန်တော်တို့ရဲ့ဘုရင် အနိစ္စရောက်သွားလို့ပါ။ ဒီနေ့ ကျွန်တော်တို့အတွက် ဘုရင်အသစ် ရွေးရမှာပါ။ ဗလီက ဆရာတွေက ဗလီမျှော်စင်ကနေပြီး ခိုတစ်ကောင်ကို လွှတ်ဖို့လုပ်နေတယ်။ အဲဒီခိုနားတဲ့လူကို ဘုရင်အဖြစ် ချီးမြှောက်မှာဖြစ်တယ်" ဟုပြောသည်။

**ခိုငှက်က လူငယ်၏ခေါင်းပေါ်သို့နားခြင်း**

ထိုလူရှင်းပြနေစဉ်မှာပင် ဗလီဆရာသည် ခိုလေးကို လွှတ်လိုက်သည်။ ထိုခိုသည် လူရွယ်၏ခေါင်းပေါ်တွင် နားလေသည်။

mgyoe.com

"ဆူလတန်၊ ဆူလတန် တို့တစ်တွေရဲ့ ဘုရင်ကြီး" ဟု လူအုပ်ကြီးက အော်လိုက်သည်။ ပြီးလျှင် သူ့ရှေ့တွင် ဒူးထောက်ကြလေသည်။

ထိုအချိန်တွင် လူရွယ်၏စိတ်ထဲတွင် ဤမျှခမ်းနားကြီးကျယ်သော တိုင်းပြည်ကို မည်သို့အုပ်ချုပ်ရမည်ဟူသော အတွေး ခေါင်းထဲရောက်လာသည်။ လူများ ပျော်ရွှင်မှုရစေရန်အတွက် ပြုလုပ်ရမည့် တာဝန်သည် သူ့အပေါ်တွင် ကျရောက်နေသည်ကို တွေးမိသည်။ ထိုအခါ သူ၏စိတ်ထဲသို့ ကြောက်ရွံ့ခြင်းဆိုသည့်အရာ ရောက်လာသည်။ သူနှင့်မတန်သောအလုပ်ကို သူရရှိသည့်အတွက် စိုးရိမ်ကြောင့်ကြခြင်းဖြစ်သည်။

လူရွယ်သည် ဗလီဆရာ၏ခြေရင်းတွင် ဒူးထောက်ပြီး မျက်ရည်လည်ရွဲဖြင့် သူ့စိတ်ထဲဖြစ်ပေါ်လာသမျှကို ရှင်းပြသည်။ ထိုအခါ ဗလီဆရာက "လူလေး၊ မင်းရဲ့ စိတ်ထဲမှာ အခုလိုတိုင်းပြည်ကို အုပ်ချုပ်ဖို့ ကြောက်ရွံ့မှုဖြစ်တယ်ဆိုတော့ မင်း ဒီတိုင်းပြည်ကို အုပ်ချုပ်ဖို့ ထိုက်တန်တာကို ပြတာပဲပေါ့" ဘုရားသခင်က မင်းကို ဆူလတန်အဖြစ် အုပ်ချုပ်ဖို့ ရွေးလိုက်တာပါပဲ" ဟုပြောသည်။

နောက်ဆုံးတွင် ကြောက်ရွံ့ခြင်းကိုလိုက်ရှာသော လူရွယ်သည် ကြောက်ရွံ့ခြင်းကို တွေ့ရှိသွားလေသည်။ ထိုကြောက်ရွံ့မှုကို ကျော်လွှားရန် မည်ကဲ့သို့ ပြုလုပ်ရမည်ကို လေ့လာသည်။ သို့ဖြင့် အလွန်မြင့်မြတ်သော ဘုရင်ကြီးဖြစ်သွားသည်။ ။

●

mgyoe.com

mgyoe.com

# ပိန်လှီသော အဘိုးအဘွားမောင်နှံ

ပိန်လှီသော အဘိုးအိုနှင့် ပိန်လှီသောအဘွားအိုတို့ ဇနီးမောင်နှံသည် တောအုပ်တစ်ခု၏ တဲငယ်လေးတွင် နေထိုင်ကြသည်။ သူတို့သည် အမြဲတမ်း သူတို့ဆင်းရဲကြောင်း၊ စားစရာ လုံလုံလောက်လောက် ဘယ်တော့မှမရှိကြောင်း ပြောဆိုတတ်သည်။ ထို့ကြောင့် သူတို့၏ အိမ်နီးနားချင်းများက သူတို့အား ညစာစားရန် ဖိတ်ခေါ်လေ့ရှိသည်။ သို့သော် ထိုအဘိုးအိုလင်မယားကို ထမင်းဖိတ်ကျွေးပြီး ပြန်သွားသောအခါ ထမင်းဖိတ်ကျွေးသောသူ၏အိမ်တွင် ပစ္စည်းတစ်ခုခု အမြဲ ပျောက်တတ်သည်။

တစ်နေ့တွင် နေမကောင်း၍ အိပ်ရာတွင်လဲနေသော လူတစ်ယောက်သည် သူတို့လင်မယားကို ညစာကျွေးရာ အဘိုးအိုတို့လင်မယားသည် သူ့အိမ်မှ ပိုက်ဆံအကြွေထည့်ထားသောအိတ်ကို ယူကာ ထွက်သွားသည်ကို မြင်လိုက်သည်။

ထိုအချိန်က အာဖရိကတိုက်အရှေ့ပိုင်းတွင် ပိုက်ဆံအစား ခရုခွံများကိုသုံးကြသည်။ ထို့ကြောင့် လူမမာအဘိုးအိုသည် သူ့ပိုက်ဆံအိတ်ကို ပြန်ပေးရန် အော်ဟစ်၍တောင်းသည်။ သူ၏အော်ဟစ်သံကို ကြား

mgyoe.com

mgyoe.com

သော အိမ်နီးနားချင်းများသည် အိပ်ရာထဲလဲနေသော လူမမာကို တစ်ယောက်ယောက်က ရန်ရှာသည်ဟုထင်ကာ လာကြည့်ကြသည်။

အိပ်ရာထဲလဲနေသော လူမမာကိုငိုလျက် "ပိန်လှီသောအဘိုးအဘွားလင်မယားက ငါ့ပိုက်ဆံတွေ ခိုးသွားကြတယ်" ဟုပြောသည်။

**အိမ်နီးနားချင်းများ ခြိမ်းခြောက်ခြင်း**

အိမ်နီးနားချင်းများက "စိတ်မပူပါနဲ့၊ ကျွန်တော်တို့ ဦးရဲ့ ပိုက်ဆံကို ပြန်ယူပေးပါမယ်" ဟု ပြောကြသည်။

ထို့နောက် သူတို့သည် ပိန်လှီသောအဘိုးအဘွားတို့ နေထိုင်သောအိမ်သို့သွားပြီး ယခုလိုပြောကြသည်။ "အဘိုးတို့ လူမမာဦးလေးဆီက ခိုးလာတဲ့ပိုက်ဆံတွေ ပြန်ပေးပါ။ မဟုတ်ရင် ကျွန်တော်တို့ အဘွားတို့ကို ရိုက်ရပါလိမ့်မယ်"

စကားအဆုံးတွင် ပိန်လှီသောအဘိုးအဘွား လင်မယားသည် ငိုကြသည်၊ အော်ဟစ်ကြသည်။ သူတို့က လူမမာထံမှငွေများ မခိုးခဲ့ရပါဟု ကျိန်တွယ်၍ပြောကြသည်။ သူတို့ မည်သို့ပင်ကျိန်တွယ်၍ ငြင်းဆိုသော်လည်း အိမ်နီးနားချင်းတို့က သူတို့လင်မယား ခိုးယူထားသည်ကို သိရှိကြသည်။ သို့သော် သူတို့နေသောတဲတွင် ခိုးရာပါပစ္စည်းများကို ရှာမတွေ့ကြပါ။ ထို့ကြောင့် အိမ်နီးနားချင်းများသည် လက်လျှော့၍ ပြန်သွားကြသည်။ သို့သော် သူတို့သည် အခြားနည်းလမ်းကိုသုံးရန် တိုင်ပင်ကြသည်။

ပိုက်ဆံလာရှာသူများ ထွက်သွားသည်နှင့် ပိန်လှီသော အဘိုးအဘွားလင်မယားသည် သူတို့တဲခေါင်မိုးတွင် ဝှက်ထားသော ငွေများကိုယူကာ တောထဲသို့ ထွက်ပြေးကြသည်။

သူတို့နှစ်ယောက်မှာ အသက်ကြီးသူများဖြစ်သောကြောင့်

mgyoe.com

mgyoe.com


ပိုက်ဆံအိတ်နှင့်ထွက်ပြေးရာတွင် ခရီးဖင့်လေသည်။ ထို့ကြောင့် သူတို့ကို စောင့်ကြည့်နေသော ရွာသားများကတွေ့ရှိပြီး သူတို့နောက်သို့လိုက်ကြသည်။ ပါးစပ်ကလည်း မပြေးဘဲ အဖမ်းခံရန် အော်ဟစ်ကြသည်။

ကြံရမရသော ပိန်လှီသော အဘိုးနှင့်အဘွားတို့သည် သစ်ပင်တစ်ပင်ပေါ်သို့ တက်ပြေးကြသည်။ သူတို့နှင့်အတူ ခိုးယူလာသော ငွေထုပ်ကို သယ်သွားကြသည်။ ရွာသားများက "အဘိုးတို့ခိုးထားတဲ့ ပိုက်ဆံတွေ ပြန်မပေးမချင်း ဒီသစ်ပင်ပေါ်မှာပဲ နေကြပေတော့" ဟုပြောကာ ထိုသစ်ပင်ကို ဝိုင်းပြီးထိုင်နေကြသည်။

ပိန်လှီသော အဘိုးနှင့်အဘွားသည် သူတို့သစ်ပင်အောက်တွင် ရွာသားများ စုဝေးရောက်နေသော်လည်း လက်မလျှော့ကြချေ။ အဘိုးအိုက "သူတို့ထွက်မသွားမချင်း တို့နှစ်ယောက် ဒီသစ်ပင်ပေါ်မှာပဲ နေကြတာပေါ့။ သူတို့ထွက်သွားတော့မှ တောထဲကို ထွက်ပြေးကြမယ်" ဟု အဘွားအိုကို ပြောဆိုသည်။

ရွာသားများကလည်း "ကျုပ်တို့က ခင်ဗျားတို့နှစ်ယောက် သစ်ပင်အောက်ကို ဆင်းလာတဲ့အထိ နေကြမှာ" ဟု အော်၍ပြောကြသည်။

## သစ်ပင်ပတ်လည်တွင် တဲများဆောက်ကြခြင်း

ပိန်လှီသောအဘိုးအိုက "သူတို့ထမင်းစားဖို့ အိမ်ကိုပြန်တဲ့အခါ သစ်ပင်ပေါ်ကဆင်းပြီး ထွက်ပြေးနိုင်တယ်" ဟုပြောသည်။

အဘိုးအိုပြောသောစကားကို ကြားသော ရွာသားများက "ဒီသစ်ပင်ပတ်လည်မှာ ကျွန်တော်တို့ တဲတွေ ပြောင်းပြီးဆောက်ကြမယ်။ ဒီတော့ ခင်ဗျားတို့ကို ၂၄ နာရီမပြတ် ကြည့်နိုင်သွားပြီ။ လွတ်ဖို့မလွယ်ဘူး" ဟု အော်၍ပြောလိုက်သည်။

mgyoe.com

mgyoe.com


ရွာသားများသည် သူတို့ပြောသည့်အတိုင်း သူတို့၏ တဲများကို အဘိုးအိုတို့ရှိသော သစ်ပင်ပတ်ပတ်လည်တွင် ပြောင်း၍ ထိုးကြသည်။ ထို့ကြောင့် ပိန်လှီသောအဘိုးနှင့် အဘွားသည် ထိုသစ်ပင်ပေါ်တွင် ရက်များ၊ ရက်သတ္တပတ်များစွာ ကုန်လွန်သည်အထိနေကာ နောက်ဆုံးတွင် လများဆီသို့တိုင်ခဲ့သည်။ သူတို့သည် ရွာသားများမရှိသည့်အချိန်ကို စောင့်နေကြသည်။ ရွာသားများကလည်း မျက်ခြည်မပြတ် အလှည့်နှင့်စောင့်ကြည့်နေသည်။

ပိန်လှီသောအဘိုးအိုနှင့် အဘွားအိုမှာ သစ်ပင်ပေါ်တွင် စားစရာအစာမရှိသောကြောင့် ဆာလောင်လာသည်။ ပထမဦး သစ်ပင်တွင်သီးသောအသီးများကို စားကြသည်။ နောက်ပိုင်း အစေ့ကိုခွဲ၍ အဆံကိုစားကြသည်။ နောက် သစ်ရွက်နုလေးများကို စားကြသည်။ နောက် သစ်ရွက်အရင့်များကို စားကြသည်။ စားစရာမရှိတော့သောအခါ သစ်ပင်၏အခေါက်ကို ခွာ၍စားကြသည်။

တစ်နေ့တခြား သူတို့သည် တဖြည်းဖြည်း ပိန်လှီသထက် ပိန်လှီလာသည်။ အိပ်ရေးမဝသောကြောင့် သူတို့၏မျက်လုံးများသည် ချိုင့်လျက်ရှိသည်။ သူတို့၏သွားများသည် သစ်သီးများကို ခွာကြ၊ သစ်ပင်၏အခေါက်များကို ခွာကြရသဖြင့် ရှည်ကာ ရှလာသည်။ ထက်လာသည်။ နောက်ဆုံးတွင် သူတို့သည် စကားပြောဖို့ပင် မေ့လာသည်။

တစ်နေ့တွင် ပိန်လှီသောအဘိုးက ပိန်လှီသောအဘွားအား "ငါတို့အသားတွေ မာလာတယ်၊ ကြမ်းလာတယ်" ဟုပြောသည်။

ပိန်လှီသောအဘွားက သူ၏လက်များကိုကြည့်ကာ "ကျွန်မလည်း ရှင့်လိုပဲ" ဟုပြောသည်။

သူတို့နှစ်ယောက်၏ ခြေထောက်များကို ကြည့်သောအခါ သူတို့၏ခြေထောက်များသည် မာကျောနေပြီး သစ်ပင်ပေါ်တွင် တွယ်

mgyoe.com

ကပ်ပြီး ကြာရှည်စွာနေသောကြောင့် သူတို့၏ခြေသည်းလက်သည်းများသည် တိရစ္ဆာန်တို့၏ ခြေသည်းလက်သည်းများလို ဖြစ်နေသည်ကိုတွေ့ရသည်။

ပိန်လှီသောအဘိုးအိုက "ဒါ သိပ်ကိုထူးဆန်းတာပဲ" ဟု ပြောသည်။

ပိန်လှီသောအဘွားအိုကလည်း "ဒါမဖြစ်နိုင်တာပဲ" ဟု ပြောသည်။

မိုးရာသီရောက်၍ မိုးသည်းထန်စွာရွာသောအခါ အဘိုးအိုတို့လင်မယားသည် ချမ်းလွန်း၍တုန်နေကြသည်။ သို့သော် မကြာမီပင် သူတို့၏ကိုယ်ခန္ဓာတွင် အမွေးများ ထူထပ်စွာ ပေါက်လာသည်ကိုတွေ့ရသည်။ ထို့ကြောင့် သူတို့အချမ်းဒဏ်ကို ခံနိုင်သွားသည်။

တစ်နေ့တွင် ပိန်လှီသောအဘိုးအိုက "ငါ့ရဲ့ ကျောရိုးအောက်မှာ တစ်မျိုးကြီးပဲဖြစ်နေတယ်။ ကြည့်ရတာ တစ်ခုခုထွက်လာနေသလိုပဲ" ဟုပြောသည်။

ပိန်လှီသောအဘွားကလည်း "ဟုတ်တယ်၊ ကျုပ်လည်း ရှင့်လိုပဲ ခံစားရတယ်။ ဟယ်... ဒုက္ခပဲ။ ကျွန်မတို့မှာ အမြီးပေါက်နေပြီ" ဟုပြောသည်။

**သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ခုန်ကူးကြခြင်း**

ထိုအချိန်နောက်ပိုင်းတွင် သူတို့ပြောသောစကားများကို ဘယ်သူမှ နားမလည်ကြတော့ပါ။ သူတို့သည် သစ်ကိုင်းများ တစ်ခုနှင့်တစ်ခုဆီသို့ ခုန်ကြကူးကြ၊ တစ်ယောက်နှင့်တစ်ယောက် တတွတ်တွတ် စကားပြောခြင်း၊ ရန်ဖြစ်ခြင်းတို့ ပြုလုပ်ကြသည်။ နောက်ဆုံးတွင် သူတို့နှစ်ယောက်သည် တောထဲသို့ သစ်ပင်တစ်ပင်မှ တစ်ပင်

mgyoe.com



အကိုင်းများကို ခိုစီးခြင်းဖြင့်လည်းကောင်း၊ အမြီးများဖြင့် ချိတ်ဆွဲ၍လည်းကောင်း ကူးကာ ဝင်သွားကြသည်။

မျောက်အသွင် ကူးပြောင်းသွားသော ပိန်လှီသော အဘိုးအိုနှင့် အဘွားအိုတို့သည် သူတို့ခိုးယူလာသော ငွေအိတ်ကို ပစ်ချခဲ့သည်။

ရွာသားများက ထိုငွေအိတ်ကိုကောက်ကာ ပိုင်ရှင်ဖြစ်သော လူမမာအားပေးသည်။ နောက်ပိုင်းတွင် သူတို့ မူလနေထိုင်ရာရွာသို့ ပြန်၍သွားကြသည်။ မျောက်နှစ်ကောင် သစ်ပင်ပေါ်တွင် ရန်ဖြစ်နေလျှင်ဖြစ်စေ၊ စကားများနေသည်ကိုဖြစ်စေ တွေ့ရသော ရွာသားများက ပိန်လှီသောအဘိုးအိုနှင့် အဘွားအိုတို့အကြောင်းကို သူတို့၏ကလေးများအား ပြောပြတတ်ကြသည်။ ။

mgyoe.com

mgyoe.com

## မှော်ဆရာမင်းသားလေး

ဟိုးရှေးရှေးတုန်းက အီဂျစ်နိုင်ငံတွင် ဖာရိုဘုရင်တစ်ပါး အုပ်စိုးလျက်ရှိသည်။ ထိုဘုရင်ကြီးလက်ထက်တွင် ဘုရင်ကြီးသည် သူ့တိုင်းသူပြည်သားတို့ ဖြေရှင်းမရသော ပြဿနာများကို သူ့ထံသို့တင်ပြပါက ဖြေရှင်းပေးလေသည်။ သူ့ထံသို့ရောက်လာသော သူများမှာ သူ့တိုင်းပြည်မှသာမက သူ့တိုင်းပြည်နှင့် အလှမ်းဝေးသော နေရာများ၊ အိမ်နီးနားချင်း တိုင်းပြည်များမှ သံတမန်များပါ လာရောက်ကြသည်။ တစ်နေ့တွင် သူ့ထံသို့ ရောက်လာသောသူမှာ နူဘီယာနိုင်ငံ၏ဘုရင်ထံမှဖြစ်သည်။ ထိုနိုင်ငံသည် သူ၏မိတ်ဆွေနိုင်ငံမဟုတ်ချေ။

နူဘီယာမှလာသောလူသည် အရပ် ၇ ပေခန့်ရှိပြီး အလွန်ကိုယ်ခန္ဓာကြီးထွားသော လူတစ်ယောက်ဖြစ်သည်။ သူသည် ဖာရိုဘုရင်၏ ရှေ့တော်မှောက်သို့ တံဆိပ်ရိုက်ပြီး အလုံပိတ်ထားသော သဝဏ်လွှာကို ယူလာသည်။

သူက "ဖာရိုဘုရင်ကြီးခင်ဗျား၊ အရှင့်တိုင်းပြည်မှာရှိတဲ့ မှော်ဆရာကြီးများဟာ အလွန်မှပင် တော်ကြတယ်လို့ သတင်းကြားရပါတယ်။ ဒါကြောင့် အဲဒီမှော်ဆရာကြီးများထဲက တစ်ယောက်ယောက်

mgyoe.com

mgyoe.com

ဟာ ဒီသဝဏ်လွှာမှာ ရေးထားတာကို မဖွင့်ဘဲဖတ်ပြစေလိုပါတယ်။ တကယ်လို့ ဒီမှော်ဆရာကြီးတွေဟာ ဒီစာကိုမဖတ်နိုင်ရင် ကျွန်တော်တို့တိုင်းပြည်က နူဘီယာအရှင်မင်းကြီးဟာ သူ့မှော်ဆရာကြီးများသာ ဒီကမ္ဘာပေါ်မှာ အတော်ဆုံးလို့ သတ်မှတ်ရပါလိမ့်မယ်။ ကျွန်တော်ကိုယ်တိုင်ကတော့ မှော်ဆရာကြီးတွေရဲ့ ဆရာကြီးဖြစ်ပါတယ်" ဟု ရှင်းပြသည်။

ဖာရိုဘုရင်ကြီးက "ကောင်းပြီ၊ ငါ့တိုင်းပြည်မှာရှိတဲ့ ပညာရှိအမတ်တွေကို ခေါ်လိုက်ပါ့မယ်။ သူတို့ထဲက တစ်ယောက်ယောက်က ဒီစာကို ဖတ်နိုင်ပါလိမ့်မယ်။ အခုတော့ မောင်မင်းလည်း ခရီးဝေးက လာရတာဆိုတော့ နားလိုက်ပါဦး" ဟု ပျော့ပျောင်းစွာ ပြောဆိုလေသည်။

နူဘီယာလူထွားကြီးသည် ကျယ်လောင်စွာ ရယ်မောပြီး အောင်မြင်စွာဖြင့် နန်းတော်မှထွက်သွားသည်။ ဖာရိုဘုရင်ကြီးသည် သူ၏မှော်ဆရာများကိုခေါ်၍ အကြောင်းစုံရှင်းပြလေသည်။ ဘုရင်ကြီး၏ မှော်ဆရာကြီးများသည် ထိုစာလိပ်ထဲမှစာကို ဖတ်နိုင်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိဘဲ ဖြစ်နေသည်။ ဖာရိုဘုရင်၏ သားတော်အိမ်ရှေ့မင်းသားသည် သူကိုယ်တိုင် မှော်ပညာကို သင်ယူတတ်မြောက်ထားသူဖြစ်သည်။ သူက ယခုလိုရှင်းပြပါသည်။

"ဒီစာလွှာမှာ မှော်အတတ်တွေနဲ့ စီရင်ပြီးထားတာ သေချာတယ်။ ဒီစာကိုဖတ်နိုင်ဖို့ဟာ အတော်ဆုံးမှော်ဆရာကြီးပဲ တတ်နိုင်ပါလိမ့်မယ်။ ဒါကြောင့် မြို့ကြီးများကို လူလွှတ်ပြီး အတော်ဆုံးမှော်ဆရာကြီးကို ရှာရပါလိမ့်မယ်။ ကျွန်တော်တို့တိုင်းပြည်အနှံ့က မှော်ဆရာကြီးတွေတော့ လုပ်နိုင်မှာမဟုတ်ဘူးလို့ ထင်ပါတယ်"

အိမ်ရှေ့မင်းသားသည် သူ၏နန်းတော်သို့ ပြန်ခဲ့သည်။

mgyoe.com

နန်းတော်သို့ရောက်သော် သူ၏သားတော် အသက် ၁၂ နှစ်ရှိ မင်းသားလေးက သူ့ကိုလာကြိုသည်။

သားတော်မင်းသားလေးက "ခမည်းတော် စိတ်မပူပါနဲ့။ သားတော်ဟာ မှော်ပညာကို ဉာဏ်ပညာအရှိဆုံး မှော်ဆရာကြီးထံမှာသင်ကြားခဲ့တာပါ။ သားတော်ဟာ ဖာရိဘုရင်ကြီးရဲ့ နန်းတော်ကို မလာရပေမဲ့ ဒီကနေပြီး ဘိုးဘိုး ဖာရိဘုရင်ရဲ့ နန်းတော်ထဲက အဖြစ်အပျက်တွေကို မြင်နိုင်ပါတယ်။ မနက်ဖြန်ကျရင် သားတော် အဲဒီစာလွှာထဲမှာ ရေးထားတာကို ဖတ်ပြပါမယ်" ဟုပြောသည်။

**နူဘီယာမှော်ဆရာကြီး ကြောက်လန့်သွားခြင်း**

နောက်တစ်နေ့တွင် ဖာရိဘုရင်ကြီးသည် သူ၏ ကြီးကျယ်ခမ်းနားသော နန်းတော်ထဲတွင် မင်းသားများ၊ မြို့စားနယ်စားများ၊ ဘုန်းတော်ကြီးများ၊ သူ၏မှော်ဆရာကြီးများနှင့်အတူ ခစားလျက်ရှိသည်။ အချိန်ရောက်သောအခါ နူဘီယာမှ မှော်ဆရာကြီးကို ခေါ်ယူလိုက်သည်။

သူက "အီဂျစ်က ပညာတွေဟာ အံ့မခန်းလောက်အောင် ကြီးကျယ်ပုံ့ါတယ်။ ဒါကြောင့် မင်းယူဆောင်လာတဲ့ စာလွှာထဲမှာ ဘာတွေရေးထားသလဲဆိုတာကို ၁၂ နှစ်အရွယ် မြေးတော်က ဖတ်ပြပါလိမ့်မယ်" ဟု ပြောလိုက်သည်။

နူဘီယာမှော်ဆရာကြီးက ရယ်မောလိုက်ပြီး "ဒါဆိုလည်း သူ့ကိုဖတ်ခိုင်းလိုက်ပါ" ဟုပြောသည်။ သို့သော် ၁၂ နှစ်ရွယ် မင်းသားလေးက စာပါအကြောင်းအရာကို စ၍ပြောလိုက်သည်နှင့် နူဘီယာမှော်ဆရာကြီးသည် ပါးစပ်ဟောင်းလောင်းဖြစ်ကာ ကြောက်ရွံ့ထိတ်လန့်မှုများ သူ၏မျက်နှာပေါ်တွင် ပေါ်လာသည်။

mgyoe.com

mgyoe.com


မင်းသားလေးက ယခုလိုစတင်၍ပြောကြားသည်။

"ဖာရိုမင်းကြီးခင်ဗျား၊ အဲဒီစာလွှာထဲမှာ လွန်ခဲ့သောနှစ်ပေါင်း ၅၀၀ က ဖြစ်ပျက်ခဲ့တဲ့အကြောင်းတွေကို ရေးထားတာဖြစ်ပါတယ်" ဆက်၍ မင်းသားလေးက ပြောကြားသည်။

"အဲဒီနှစ်ပေါင်း ၅၀၀ လောက်က နူဘီယာမှာ သိပ်ကို တန်ခိုးကြီးတဲ့ မှော်ဆရာကြီးတစ်ယောက်ရှိတယ်။ သူဟာ သူ့ရဲ့မှော်ပညာနဲ့ အီဂျစ်နိုင်ငံက ဖာရိုဘုရင်ကို အလွန်ဝေးလံတဲ့ နူဘီယာသို့ တစ်ရက်တည်းနဲ့ ခေါ်ဆောင်သွားခဲ့ပါတယ်။ ဖာရိုဘုရင်ကြီး နူဘီယာကို ရောက်တဲ့အခါမှာ မှော်ဆရာကြီးဟာ ဖာရိုဘုရင်ကြီးကို ကြိမ်လုံးနဲ့ ရိုက်ပါတယ်။........ဒါပေမဲ့ ဒီစာထဲမှာ ဆက်ပြီးရေးထားတာက နောက်တစ်နေ့မှာ ဖာရိုဘုရင်ကြီးဟာ အီဂျစ်ကိုပြန်ရောက်ပြီး သူ့ဘေးမှာ အီဂျစ်က မှော်ဆရာကြီးတွေ ဝိုင်းရံနေပြီး သူတို့ဟာ နူဘီယာက မှော်ပညာတွေ မင်းကြီးနားကို မရောက်နိုင်အောင် စောင့်ရှောက်လျက်ရှိကြတယ်။ ဒါ့အပြင် ဖာရိုဘုရင်ကို နှိပ်စက်သလိုပဲ နူဘီယာဘုရင်ကြီးကို နှိပ်စက်ကြပါတယ်။ နောက် ဒီစာလွှာထဲမှာ ဆက်ရေးထားတာက နူဘီယာမင်းကြီးဟာ သူ့ရဲ့မှော်ဆရာကို သိပ်ကိုစိတ်ဆိုးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မှော်ဆရာကြီးဟာ သူ့ကိုနှိပ်စက်နေတာကို မကာကွယ်နိုင်လို့ဖြစ်တယ်။ ဒါနဲ့ နူဘီယာဘုရင်ကြီးဟာ မှော်ဆရာကြီးကို နန်းတော်ကနေ မောင်းထုတ်လိုက်ပါတယ်"

နူဘီယာမှော်ဆရာကြီးက မင်းသားလေးပြောကြားချက်ကို နားထောင်ပြီး "မင်းသားလေး ပြောတာတွေအားလုံးမှန်ပါတယ်" ဟု ဝန်ခံသည်။ "အခုအချိန်အထိ အီဂျစ်ကမှော်ပညာဟာ နူဘီယာက မှော်ပညာထက် သာလွန်တယ်ဆိုတာ သက်သေမပြရသေးဘူး။ မင်းသားလေးက ကျွန်တော်နဲ့ယှဉ်ပြိုင်ဖို့ ဆန္ဒရှိပါသလား" ဟုမေးလိုက်သည်။

mgyoe.com

မင်းသားလေးက "ဖာရိုဘုရင်ကြီးက သဘောတူမယ်ဆိုရင် ယှဉ်ပြိုင်ပါ့မယ်" ဟု ပြန်ဖြေလိုက်သည်။

**ကြောက်မက်ဖွယ် မြွေတစ်ကောင်ပေါ်လာခြင်း**

ဖာရိုဘုရင်ကြီးသည် သူ၏မြေးတော် မင်းသားလေးအတွက် အလွန်စိုးရိမ်လျက်ရှိသည်။ သို့သော် အီဂျစ်နိုင်ငံ၏ ဂုဏ်သိက္ခာအတွက် ယခုလိုစိန်ခေါ်မှုကို ငြင်းပယ်ဖို့ခက်နေပါတယ်။ ထို့ကြောင့် နူဘီယာမှော်ဆရာကြီးနှင့် မြေးတော်တို့ ပညာယှဉ်ပြိုင်မှုကို သဘောတူလိုက်သည်။

နူဘီယာမှော်ဆရာကြီးသည် အောင်နိုင်သည့်အထိမ်းအမှတ်ဖြင့် အားရပါးရရယ်မောပြီး ဘုရင်ကြီး၏ခြေရင်းဆီသို့ လက်ညှိုးထိုး၍ မန်းမှုတ်လိုက်ရာ ကြောက်မက်ဖွယ်မြွေတစ်ကောင်သည် တစ်ကိုယ်လုံးတွန့်လိမ်ကာ ပေါ်လာသည်။ ထိုမြွေသည် ပါးစပ်မှ အသံများမြည်ကာ ဖာရိုဘုရင်ကြီး၏ခေါင်းပေါ်တွင် သူ၏ခေါင်းဖြင့် မိုးထားလိုက်သည်။

သို့သော် မင်းသားလေးက ထိုမြွေ၏အမြီးကို ကိုင်လိုက်ရာ ဤကြောက်စရာမြွေကြီးသည် ချက်ချင်းပင် သေးငယ်သွားသည်မှာ တီကောင်တစ်ကောင်၏ အရွယ်သို့ ရောက်သွားသည်။ ထို့နောက် မင်းသားလေးက ထိုမြွေငယ်ကို ပူပြင်းသောနေရာအောက်သို့ လွှင့်ပစ်လိုက်သည်။ ပြီးလျှင် ဤသို့ပြောလေသည်။

"ခင်ဗျားက တီကောင်အရွယ်ထက်ပိုပြီး ကောင်းတဲ့ပုံစံ မဖန်တီးတတ်တော့ဘူးလား"

နူဘီယာမှော်ဆရာကြီးသည် သူ၏လက်များကို ဆန့်တန်းပြီး မန်းမှုတ်စကားများ ရေရွတ်လိုက်သည်။


mgyoe.com

mgyoe.com


ချက်ချင်းပင် နန်းတော်ဆောင်ကြီးတစ်ခုလုံးသည် မှောင်မည်းသွားသည်။ နေ့ခင်းအချိန်တွင် ညအမှောင်သို့ ပြောင်းသွားသည်။ တစ်ယောက်နှင့်တစ်ယောက် နီးကပ်နေသော်လည်း မမြင်ရလောက်အောင် မှောင်မည်းနေလေသည်။

သို့သော် မှော်ဆရာမင်းသားလေးသည် မှောင်ထဲတွင် သူ၏လက်နှစ်ဖက်ကို ဆန့်တန်းလိုက်ပြီး လိမ္မော်သီးတစ်လုံးလောက်သာ ရှိသော အနက်ရောင်ဘောလုံးလေးကို လှမ်းယူလိုက်သည်။ ထိုဘောလုံးအမည်းလေးကို မြွေငယ်လေးလွှင့်ပစ်လိုက်သည့် ပြတင်းပေါက်သို့ ပစ်လွှတ်လိုက်ပြီး သူက တည်တည်ငြိမ်ငြိမ်ဖြင့်ပင်

"ခင်ဗျား ဒီထက်ပိုပြီးကောင်းတဲ့ ပညာလေး မပြနိုင်ဘူးလား" ဟုပြောလိုက်သည်။



mgyoe.com

**လူများအားလုံး ကြောက်ရွံ့စွာ နောက်ဆုတ်သွားကြခြင်း**

နူဘီယာမော်ဆရာကြီးသည် အံ့သြလွန်း၍ ဘာမျှမပြောနိုင်ဘဲဖြစ်နေသည်။ သို့သော် သူသည် ချက်ချင်းပင် သူ၏လက်များကို ဆန့်တန်းပြီး ပို၍ခက်ထန်သော မန်းမှုတ်ခြင်းကို ပါးစပ်မှ တတွတ်တွတ်ရွတ်ဆိုလေသည်။ ဤတစ်ခါရွတ်ဆိုရာတွင် အသံကျယ်ကျယ်လောင်လောင်ဖြင့် ရွတ်ဆိုခြင်းဖြစ်သည်။ ချက်ချင်းပင် မီးတောက်ကြီးပေါ်လာကာ ထိုမီးတောက်ကြီးသည် ဖာရိုဘုရင်နှင့် နန်းတွင်းရှိ မင်းညီမင်းသားတို့ထံသို့ ရွေးရှု၍သွားလေသည်။ ဖာရိုဘုရင်နှင့် အပေါင်းအပါတို့မှာ အံ့သြကြောက်လန့်ကာ နောက်သို့ဆုတ်သွားကြသည်။ သူတို့အတွက် လွတ်မြောက်စရာလမ်း မရှိတော့ပါ။

သို့သော် ထိုအချိန်တွင် မော်ဆရာမင်းသားလေးသည် သူ၏လက်နှစ်ဖက်ကို ဆန့်တန်းကာ သူ၏အသံလေးဖြင့် ကြည်ကြည်လင်လင် စကားတစ်လုံးကို အော်ပြောလိုက်သည်။

သူ၏အသံလေး ထွက်ပေါ်ပြီးသည်နှင့် ဖာရိုဘုရင်ထံသို့ သွားနေသော မီးတောက်ကြီးသည် နန်းတော်ရင်ပြင်မှတစ်ဆင့် နေရောင်အောက်တွင် ပျောက်သွားသည်။ မီးတောက်သွားရာလမ်းတွင် ရပ်နေသော နူဘီယာမော်ဆရာကြီးမှာလည်း မီးလောင်ကျွမ်းမှုကြောင့် ပြာဖြစ်သွားလေသည်။ ။

mgyoe.com

mgyoe.com

# ချည်ငင်ရစ်တဲ၊ လွှန်းနှင့်ဇာထိုးအပ်

ဟိုးရှေးရှေးတုန်းက မင်းသားတစ်ပါးသည် ကြင်ရာရှာရန် အတွက် ခရီးထွက်ခဲ့သည်။ သူသည် ဆင်းရဲသော သတို့သမီးကို မလိုလားသလို အလွန်ချမ်းသာသော သတို့သမီးကိုလည်း မရွေးချယ်လိုပါ။ ထို့ကြောင့် သူက "ငါရွေးချယ်မယ့် သတို့သမီးဟာ အဆင်းရဲဆုံးဖြစ်သလို အချမ်းသာဆုံးဖြစ်ရမယ်" ဟုပြောသည်။

မင်းသားလေးသည် မြို့တစ်မြို့မှတစ်မြို့၊ ထိုမှတစ်ဆင့် ရွာတစ်ရွာမှတစ်ရွာ လျှောက်သွားရင်း သတို့သမီးကို ရှာသော်လည်း အချည်းနှီးပင်ဖြစ်သည်။ နောက်ဆုံးတွင် သူသည် ရွာငယ်တစ်ခုသို့ ရောက်ရှိသွားသည်။ ထိုရွာတွင် အဆင်းရဲဆုံးနှင့် အချမ်းသာဆုံး မိန်းကလေးကို မေးသည်။ အချမ်းသာဆုံး မိန်းကလေးသည် အလွန်ကျယ်ဝန်းသော ပန်းခြံတွင်းရှိအိမ်တွင်နေသည်။ သူသည် အကောင်းဆုံးအဝတ်အစားများနှင့် လက်ဝတ်ရတနာများကို ဝတ်ဆင်ကာ ပန်းခြံထဲတွင် ထိုင်နေသည်။ မင်းသားလေးကိုတွေ့သောအခါ အချမ်းသာဆုံး မိန်းကလေးက မတ်တတ်ထကာ ဦးညွတ်စွာ ကြိုဆိုသည်။

မင်းသားလေးသည် မိန်းကလေးကိုကြည့်ကာ ဘာမျှမပြော

mgyoe.com

ဘဲထွက်သွားသည်။ လမ်းတွင် တဲအိမ်ငယ်လေးတစ်လုံးကို တွေ့သည်။ ထိုတဲအိမ်သည် အဆင်းရဲဆုံး မိန်းကလေးနေထိုင်သော တဲအိမ်ဖြစ်သည်။ ထိုမိန်းကလေးသည် ငယ်စဉ်ကပင် မိဘနှစ်ပါး ကွယ်လွန်သွားသောကြောင့် မွေးစားမိခင်နှင့်အတူနေကာ ကြီးပြင်းရသည်။ သူ၏မွေးစားအမေသည် မကွယ်လွန်မီ မိန်းကလေးအား ဤသို့ မှာကြားခဲ့သည်။

"သမီးလေး၊ သမီးလေးနေစရာအတွက် ရာသီဥတုဒဏ်နဲ့ လေဒဏ် ကာကွယ်နိုင်ဖို့ ဒီအိမ်လေးကို သမီးလေးအတွက် ထားခဲ့တယ်။ နောက်ပြီး သမီးလုပ်ကိုင်စားသောက်ဖို့ အမေ့ရဲ့ ရစ်တံ၊ လွန်းနဲ့ ဇာထိုးအပ်ကို ထားခဲ့မယ်။ မေတ္တာတရားကို အမြဲရင်မှာပိုက်ထွေးပြီး ထားရင် သမီးလေးဘဝတစ်လျှောက်မှာ အစစအဆင်ပြေပါလိမ့်မယ်"

**လှပသောနေရောင်ခြည်အောက်မှာ**

ယခုအခါမှာ ထိုမိန်းကလေးသည် သူ့မွေးစားအမေထားခဲ့သော အိမ်လေးထဲတွင် တစ်ယောက်တည်းနေထိုင်လျက်ရှိသည်။ သူမနက်မိုးလင်းမှ မိုးချုပ်သည်အထိ ချည်ငင်ခြင်း၊ အထည်ရက်ခြင်း၊ ပန်းထိုးခြင်းလုပ်ငန်းများကို သူ့မိခင်သင်ကြားပေးထားသည့်အတိုင်း လုပ်လျက်ရှိသည်။ ထို့ကြောင့်လည်း သူ၏အထည်များကို လာရောက်ဝယ်သူတို့ကို မပြတ်လပ်ဘဲ ရောင်းရလေသည်။ တစ်ခါတစ်ရံ ဝယ်သူများကို ခွဲဝေပေးပြီး ရောင်းချရသည့်အခါလည်း ရှိတတ်သည်။

မင်းသားလေး ထိုတဲနားသို့ရောက်ရှိလာသောအခါ မြင်းကိုရပ်၍ တဲအတွင်းသို့ လှမ်း၍ကြည့်လိုက်သည်။ ထိုစဉ် အပြင်မှ နေရောင်ခြည်သည် ချည်ငင်လျက်ရှိသော မိန်းကလေးထံသို့ ဖြာဆင်းလျက်ရှိသည်ကို တွေ့ရသည်။ မိန်းကလေး ထိုင်ရာမှထလိုက်သော

mgyoe.com



mgyoe.com

mgyoe.com

အခါ သူ့ကိုလှမ်းကြည့်နေသော မင်းသားကို တွေ့သွားသည်။ ထိုအခါ သူ၏ပါးနှစ်ဖက်စလုံး နီရဲသွားကာ မျက်လွှာချလိုက်သည်။ ပြီးလျှင် ဆက်၍ချည်ငင်လျက်ရှိသည်။

မင်းသားလေး၏မြင်း ထွက်သွားသည်နှင့် မိန်းကလေးသည် ချည်ငင်နေသောအလုပ်ကို ရပ်ကာ ပြတင်းပေါက်တံခါးကို ဖွင့်လိုက်သည်။ ပါးစပ်မှလည်း "ဒီအဘိုးလေးဟာ သိပ်ချွေးထွေးတာပါလား" ဟုပြောလိုက်သည်။ သို့သော် မိန်းကလေးသည် မင်းသားလေး သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ မတ်တတ်ရပ်လျက်ရှိသည်။

ထို့နောက် မိန်းကလေးသည် သူ ချည်ငင်နေသောနေရာတွင် ပြန်ထိုင်ပြီး ချည်ကို ဆက်၍ငင်နေသည်။ ချည်ငင်နေရင်း ကဗျာလေး တစ်ပုဒ်ကို ပါးစပ်မှ သီဆိုလေသည်။ ထိုကဗျာမှာ သူ၏မွေးစားမိခင် သူ့ကိုသင်ပေးထားသော ကဗျာလေးဖြစ်လေသည်။

"ရစ်တံလေးရယ် ငါ့ရဲ့ရစ်တံလေးရယ်။ ငါ့ဆီ မြန်မြန်ပြန်ခဲ့ပါကွယ်။ ငါ့ရဲ့အိမ်လေးဆီကို ချစ်ရမယ့်သူခေါ်ဆောင်လာဖို့ ဆုတောင်းပါတယ်"

ထူးဆန်းစွာပင် သူချည်ငင်နေသော ရစ်တံသည် သူ့လက်ထဲမှ လွတ်သွားပြီး တံခါးပေါက်သို့ ကခုန်ကာထွက်သွားသည်။ မိန်းကလေးမှာ အံ့ဩလွန်းသဖြင့် ထ၍ကြည့်သောအခါ သူ၏ရစ်တံသည် ရွှေရောင်ချည်များတန်းလန်းဖြင့် မြို့တော်ရှိရာလမ်းသို့ ထွက်သွားသည်ကို တွေ့ရသည်။

## ချည်ငင်သည့်ရစ်တံနောက်သို့ လွန်းက လိုက်ခြင်း

ချည်ငင်သည့် ရစ်တံမရှိသည့်အခါ မိန်းကလေးသည် လွန်းကို ကိုင်ကာ ရက်ကန်းစင်တွင် ထိုင်လိုက်သည်။ ပြီးနောက် ရက်ကန်း

mgyoe.com

ရက်ရန် ပြင်ဆင်သည်။ မိန်းကလေးသည် ရက်ကန်းရက်ရင်း စောစောကဆိုသော သီချင်းလေးကို ဆိုလိုက်ပြန်သည်။

"လွန်းလေးရယ်၊ ငါ့ရဲ့လွန်းလေးရယ်၊ ရက်ကန်းရက်ဖို့ ငါဆုတောင်းပါတယ်။ ဒီနေ့ ဒီအိမ်ကိုရောက်လာတဲ့ မြင်းညိုရှင်ကို ကြိုဆိုပါကွယ်"

သူ၏သီချင်းအဆုံးတွင် လွန်းသည် သူ့လက်ထဲမှ လွတ်ထွက်သွားပြီး တံခါးပေါက်မှတစ်ဆင့် ထွက်သွားလေသည်။ အပြင်သို့ရောက်သောအခါ လွန်းသည် ဆက်မသွားတော့ဘဲ ကော်ဇောတစ်ခုကို ရက်လုပ်ပါတော့သည်။ လွန်းရက်လုပ်သောကော်ဇောမှာ တွေ့ဖူးသမျှ ကော်ဇောများတွင် အလှပဆုံးဖြစ်လေသည်။ ထိုကော်ဇောထဲတွင် လီလီပန်းများ၊ နှင်းဆီပန်းများနှင့် လှပစွာ တန်ဆာဆင်ထားသလို ယုန်များ၊ ပူးများ၊ သမင်များ၏ ပြေးလွှားနေကြပုံများ ပါဝင်သည်။ ပန်းပင်များရှိ ပန်းပွင့်များပေါ်တွင် လိပ်ပြာများနှင့် ငှက်ကလေးများသည် သီချင်းဆိုတော့မည့်ဟန်ဖြင့် ပျံသန်းနေကြသည်။

သူ၏လွန်းလေး ပျံသွားပြီးသည့်နောက် မိန်းကလေးသည် အပ်ကိုယူပြီး ပန်းထိုးဖို့ပြင်ဆင်သည်။ သူပန်းထိုးနေရင်း မိန်းကလေးက သီချင်းဆိုသည်။

"အပ်ကလေး၊ ငါ့ရဲ့အပ်ကလေးရယ်။ ချွန်ထက်တဲ့ထိပ်လေး ရှိပါတယ်။ ကျွန်မရဲ့အိမ်ဂေဟာလေးကို မြင်းညိုရှင်ကိုလာဖို့ ဆုတောင်းပေးပါကွယ်"

သီချင်းဆုံးသည်နှင့် အပ်သည်မြားတစ်စင်းကဲ့သို့ လျင်မြန်သောအဟုန်ဖြင့် အပြင်သို့ထွက်သွားသည်။ အဖြစ်အပျက်အားလုံးသည် မမြင်ရသောအင်အားတစ်ခုက စားပွဲများကို အခင်းခင်းခြင်း၊ ကုလားထိုင်များကို ခရမ်းရောင်အဝတ်များဖြင့် ခင်းကျင်းခြင်း၊ ခုံတန်း

mgyoe.com

ရှည်များကို အစိမ်းရောင်အခင်းများ ခင်းခြင်းနှင့် ပြတင်းပေါက်များကို ပိုးခန်းဆီးများ တပ်ဆင်ခြင်းများကို ပြုလုပ်သည်။

ထိုအချိန်တွင် ရစ်တံသည် မင်းသားလေး၏မြင်းကို မီလာသည်။ ချည်ငင်ရစ်တံရှိ ရွှေရောင်ချည်မှာလည်း ဆက်၍ ဆွဲ၍မရတော့ပေ။

မင်းသားက "ဒါကဘာဖြစ်တာလဲ။ ဒီရစ်တံဟာ ငါ့ကို ငါ့ရဲ့ သတို့သမီးဆီကို သွားဖို့လမ်းပြမယ့်ပုံပဲ" ဟုပြောလိုက်သည်။

၂

**မင်းသားလေး ကော်ဇောပေါ်သို့ဖြတ်ခြင်း**

မင်းသားလေးသည် ထိုစကားအဆုံးတွင် ရွှေရောင်ချည်ငင်သွားရာလမ်းအတိုင်း လိုက်ခဲ့သည်။ နောက်ဆုံးတွင် အလွန်လှပသော ကော်ဇောခင်းထားရာဆီသို့ ရောက်လာသည်။ မင်းသားလေးသည် မြင်းပေါ်မှဆင်းကာ ကော်ဇောပေါ်မှ လမ်းလျှောက်လာရာ မိန်းကလေး နေထိုင်ရာ တဲအိမ်ပေါက်ဝသို့ ရောက်လာသည်။

သူ အိမ်ထဲသို့ ဝင်လိုက်သည့်အချိန်သည် ပန်းထိုးအပ်က ပြတင်းပေါက်ခန်းဆီးကို ချုပ်ပြီးသွားသည့်အချိန်ပင် ဖြစ်သည်။ မိန်းကလေးသည် သူ၏ဝတ်ရုံလေးကို ဝတ်ဆင်ပြီး၍ ခါးညွတ်ကာ ကြိုဆိုလိုက်သည်။

မင်းသားလေးက "မင်းဟာ အဆင်းရဲဆုံးနဲ့ အချမ်းသာဆုံး မိန်းကလေးပဲ။ ငါနဲ့ နန်းတော်ကို လိုက်ခဲ့ပြီး ငါ့ရဲ့ကြင်ရာအဖြစ် လက်ခံပါ" ဟုပြောသည်။

မိန်းကလေးသည် ဘာမှုပြန်မပြောပါ။ သို့သော် သူ၏ လက်နှစ်ဖက်ကို မင်းသားလေးအား ကမ်းပေးလိုက်သည်။ မင်းသားလေးက မိန်းကလေး၏ လက်အစုံကိုနမ်းလိုက်ပြီး ပွေ့ချီကာ သူ၏ မြင်းပေါ်

mgyoe.com


သို့ တင်လိုက်သည်။ သူတို့နှစ်ဦး နန်းတော်သို့ရောက်သောအခါ ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကြီးကို ကျင်းပသည်။ ထို့နောက် ၎င်းတို့နှစ်ယောက်သည် သက်ဆုံးတိုင် ပျော်ရွှင်စွာ နေထိုင်ကြပါသည်။

မင်းသားလေးနှင့် မိန်းကလေးတို့ ဘုရင်နှင့် မိဖုရား ဖြစ်လာသောအခါ သူတို့၏ နန်းတွင်းရတနာများထဲတွင် အဖိုးတန်ဆုံးပစ္စည်းအဖြစ် မိန်းကလေး၏ မွေးစားအမေ အမွေပေးခဲ့သော ချည်ငင်ရစ်တံ၊ လွန်းနှင့်အပ်ကို အမြတ်တနိုး ထားကြသည်။ ။

●

mgyoe.com

mgyoe.com

## ဆံပင်ဖြူနေသော လူပုလေး

နွားနို့ညှစ်သော မိန်းမ၊ တောသားနှင့် ပန်းပဲဆရာတို့ သုံးယောက်သည် သူတို့၏ဘဝရှေ့ရေးအတွက် အတူတကွ ခရီးထွက်ခဲ့ကြသည်။ သူတို့သည် လမ်းခရီးတွင် တောအုပ်တစ်ခုအတွင်း၌ ရဲတိုက်ပျက်တစ်ခုကို တွေ့လေသည်။ သူတို့သည် ရဲတိုက်ပျက်တွင် နေထိုင်ကြရန် ဆုံးဖြတ်ကြသည်။

နောက်တစ်နေ့တွင် တောသားနှင့် ပန်းပဲဆရာတို့သည် စီးပွား ရှာရန်အတွက် ခရီးထွက်ကြသည်။ သူတို့ခရီးသွားနေစဉ် နွားနို့ညှစ် သောမိန်းမသည် ရဲတိုက်အတွင်း သန့်ရှင်းရေးလုပ်ခြင်းနှင့် သူတို့ ညနေ ပြန်လာသောအခါ စားသောက်ရန်အတွက် ချက်ပြုတ်ရလေ သည်။ နွားနို့ညှစ်သောမိန်းမသည် သူ့မိတ်ဆွေများ အလုပ်မှ ညမိုးချုပ် သည်အထိ ပြန်မလာသောအခါ သူ၏ဝေစုကို သူစားသောက်ပြီး ကျန်လူနှစ်ယောက်ဝေစုကို မီးဖိုပေါ်တင်ကာ နွေးထားသည်။

ထိုစဉ် ဆံပင်များဖြူဖွေးနေသော လူပုလေးသည် မီးဖိုဆောင် ဆီသို့ဝင်လာပြီး "အမယ်လေး၊ ချမ်းလိုက်တာ၊ ဆာလည်း ဆာလိုက် တာ" ဟုပြောဆိုသည်။

mgyoe.com

နွားနို့ညှစ်သောမိန်းမက “ဒါဆိုလည်း ဒီမှာထိုင်ပြီး မီးလှုံပေါ့။ နောက်ပြီး ဖိုပေါ်က အစားအသောက်တွေလည်း စားပေါ့။ ဒါပေမဲ့ ကျွန်မရဲ့ မိတ်ဆွေနှစ်ယောက်စားဖို့တော့ လုံလုံလောက်လောက် ချန်ထားပါ” ဟုပြောသည်။

သို့သော် လူပုလေးသည် အစားအစာများအားလုံး အစအန မကျန် စားသောက်လိုက်သည်။ နွားနို့ညှစ်သောမိန်းမက မြည်တွန် တောက်တီးသောအခါ သူက ပြန်ရိုက်ပြီး တံခါးကို အသံမြည်အောင် ပိတ်ကာထွက်သွားသည်။

နောက်ရက်တွင် နွားနို့ညှစ်သောမိန်းမနှင့် ပန်းပဲဆရာတို့ အလုပ်သွားကြသည်။ တောသားကို အိမ်စောင့်ထားခဲ့သည်။

သူက “ဆံပင်ဖြူတဲ့ လူပုလေးလောက်တော့ ငါက ဂရုမစိုက် ဘူး”ဟုပြောသည်။ သူသည် ရဲတိုက်ရှင်းလင်းရေး၊ အားလုံးအတွက် ချက်ပြုတ်ရေးတို့ကို ပြုလုပ်သည်။ ပြီးလျှင် သူ့ဝေစုကိုစားပြီး ကျန် ဟင်းများကို မီးဖိုပေါ်တင်ထားသည်။

သူ အလုပ်များပြီးစီးသည်နှင့် တံခါးပွင့်လာပြီး ဆံပင်ဖြူနေ သော လူပုလေးဝင်လာသည်။ ဒီတစ်ခေါက်တွင် သူ့တွင် ခေါင်းနှစ်လုံး နှင့်ဖြစ်သည်။ “အမယ်လေး ချမ်းလိုက်တာ၊ ဆာလည်း ဆာလိုက်တာ” ဟုပြောဆိုသည်။

**တောသားကိုရိုက်ခြင်း**

တောသားက “ဒါဆိုလည်း ဒီမှာထိုင်ပြီး မီးလှုံပါလား။ နောက်ပြီး ဖိုပေါ်က အစားအသောက်တွေလည်း စားပေါ့။ ဒါပေမဲ့ ငါ့မိတ်ဆွေနှစ်ယောက်စားဖို့တော့ လုံလုံလောက်လောက် ချန်ထား ပါ။ သူတို့နှစ်ယောက် အလုပ်သွားတာ ပြန်မလာသေးဘူး” ဟု ပြော

mgyoe.com

လိုက်သည်။

မည်သို့ပင်ဖြစ်ကောမူ ဆံပင်များဖြူဖွေးနေသော လူပုလေးသည် သူ၏ပါးစပ်နှစ်ခုဖြင့် အစားအစာများကို အားလုံး အစအန မကျန်အောင် စားလိုက်သည်။ တောသားက ဆူပူသောအခါ တောသားကို ရိုက်တော့သည်။


ပန်းပဲဆရာသည် သူ စားစရာညစာ ဒုတိယအကြိမ် မရှိသည်ကို သိရှိသောအခါ အလွန်ဒေါသထွက်ပြီး "ငါ ဒီလူပုလေးကို ကောင်းကောင်းကြီး ဆုံးမပြမယ်" ဟု ကြုံးဝါးသည်။

နောက်နေ့တွင် နွားနို့ညှစ်သောမိန်းမနှင့် တောသားတို့ အလုပ်သွားကြသောအခါ ပန်းပဲဆရာသည် ရဲတိုက်ကို သန့်ရှင်းရေးလုပ်ကာ ထမင်းဟင်းများချက်ပြုတ်သည်။ ပြီးလျှင် သူ၏ဝေစုကိုစားပြီး ကျန်သောဟင်းနှင့် ထမင်းကို မီးဖိုပေါ်တွင် နွေးထားသည်။

ချက်ချင်းပင် ဆံပင်များ ဖြူဖွေးနေသော လူပုလေး ဝင်ရောက်လာသည်။ သည်အခေါက်တွင် သူ့မှာ ခေါင်းသုံးလုံးနှင့်ဖြစ်သည်။ သူက "အမယ်လေး ချမ်းလိုက်တာ၊ ဆာလည်းဆာလိုက်တာ" ဟု ပြောသည်။

ပန်းပဲဆရာက "ဒါဆိုလည်း ဒီမှာထိုင်ပြီး မီးလှုံပေါ့" ဟု ပြောကာ သူကိုယ်တိုင် ပန်းကန်ယူပြီး အစားအစာများထည့်ပေးသည်။

ဆံပင်ဖြူသောလူပုလေးက "ကျုပ်က ပါးစပ်ပေါက် ၃ ပေါက်



mgyoe.com

mgyoe.com


တောင်ရှိတာ ခင်ဗျားထည့်ပေးတာ ပါးစပ်တစ်ပေါက်တောင် မလောက်ဘူး”ဟု စိတ်ဆိုးမာန်ဆိုးပြောကာ “ထပ်ထည့်ပေးဦး” ဟုတောင်းသည်။

**သံတံခါးသေးသေးလေး**

ပန်းပဲဆရာက “ဒါ မင်းအတွက်အကုန်ပဲ” ဟု ပြန်ဖြေသည်။ ၎င်းပြင် ဆံပင်ဖြူနေသော လူပုလေးက သူ့ကိုရိုက်ဖို့လုပ်သောအခါ ပန်းပဲဆရာသည် သူ၏တူကိုယူပြီး လူပုလေး၏ခေါင်းနှစ်လုံးကို ရိုက်ချလိုက်သည်။

ဆံပင်ဖြူနှင့် လူပုလေးသည် မီးဖိုခန်းထဲမှ တစ်ရှိန်ထိုး ထွက်ပြေးသွားသည်။ ပန်းပဲဆရာသည် လူပုလေးနောက်သို့ လျင်မြန်စွာ ဖြင့်လိုက်ရာ ရဲတိုက်တစ်ခွင်တွင် အနှံ့အပြား သွားလျက်ရှိသည်။ နောက်ဆုံး သူတို့နှစ်ယောက်သည် ရဲတိုက်အတွင်းရှိ သံတံခါးသေးသေးလေးရှိသော တံခါးဝသို့ရောက်သွားသည်။ ထိုတံခါးပေါက်သို့ လူပုလေးရောက်လာသည်နှင့် သံတံခါးသည် အလိုလိုပွင့်သွားပြီး လူပုလေးဝင်သွားသည်နှင့်တစ်ပြိုင်နက် ပိတ်သွားသည်။

ပန်းပဲဆရာသည် ထိုသံတံခါးကိုဖွင့်ရန် အစွမ်းကုန်ကြိုးစားသည်။ နွားနို့ညှစ်သောမိန်းမနှင့် တောသားတို့ အလုပ်ဆင်းရာမှ ပြန်လာသောအခါ ငွေကြေးအနေဖြင့် ဘာမှပါမလာဘဲ ဆာလောင်မွတ်သိပ်လျက်ရှိကြသည်။ သူတို့သည် သူတို့၏ညစာကို ကောင်းကောင်းစားပြီး ပန်းပဲဆရာထံသို့ ကူညီရန်ရောက်လာသည်။

နောက်ဆုံးတွင် သံတံခါးသည် ပြုတ်ထွက်ကာ ကြမ်းပေါ်သို့ ကျသွားသည် ပန်းပဲဆရာနှင့် အဖော်နှစ်ယောက်သည် အခန်းထဲသို့ဝင်သွားသောအခါတွင် သူတို့သည် ကျောက်တုံးများဖြင့် ဆောက်ထားသော လှောင်အိမ်လေးတစ်ခုကို တွေ့ရသည်။ ထိုလှောင်အိမ်၏

mgyoe.com

ပြတင်းပေါက်များကို သံတိုင်များ တပ်ဆင်ထားသည်။

ထိုကျောက်တုံးလှောင်အိမ်ထဲတွင် အငှွန်လှပသော မင်းသမီးလေးနှစ်ယောက်ကို တွေ့ရသည်။ သူတို့နှစ်ယောက်က "ကျွန်မတို့ကို ကယ်ပါရှင်။ ဒီမှော်ဆရာကြီးက သိပ်ကိုရက်စက်ပါတယ်" ဟု ပြောကြသည်။ ဆက်၍ "သူ့ရဲ့ မှော်အတတ်ပညာနဲ့ ဒီအထဲကို တည့်ထားတာပါ။ သူ့ရဲ့ ခေါင်းနှစ်ခေါင်းကိုဖယ်လိုက်လို့ သူ့မှာရှိတဲ့ တန်ခိုးတွေပျောက်ဆုံးသွားတာဖြစ်တယ်။ အခုတော့ ရှင်တို့ ရင်ဆိုင်ရမှာက သူ့ရဲ့ရတနာစောင့်တဲ့ ခွေးကြီးကို တိုက်ရပါလိမ့်မယ်။ ဒါမှသာ ဒီမှော်ဆရာကြီးက သတ်သေပါလိမ့်မယ်" ဟုပြောကြသည်။

ပန်းပဲဆရာက သူ့တူကြီးတယမ်းယမ်းဖြင့် "ရတနာတွေက ဘယ်မှာထားတာလဲ" ဟုမေးလိုက်သည်။

သူတို့နှစ်ယောက်က "ဒီလှေကားကဆင်းသွားရင် တွေ့ပါလိမ့်မယ်"ဟုပြောကာ အခန်းထောင့်ရှိ ကြောင်လိမ်လှေကားကို ညွှန်ပြသည်။

ပန်းပဲဆရာသည် ထိုလှေကားမှဆင်းခဲ့သည်။ လှေကားအဆုံးတွင် အလွန်ကြီးသောခွေးကြီးသည် နောက်ထပ် သံတံခါးတစ်ခုရှေ့တွင် စောင့်ကြပ်လျက်ရှိသည်။ ပန်းပဲဆရာသည် ခွေးကြီးကို သူ၏တူဖြင့် ထုသတ်လိုက်သည်။ ပြီးလျှင် သံတံခါးကိုလည်း သူ၏တူဖြင့်ပင် ဖွင့်လိုက်သည်။ ထိုအခန်းထဲတွင် ရတနာများအပြည့်ရှိနေသည်။ ရတနာများနှင့်အတူ မင်းသားလေးတစ်ပါးကို တွေ့ရသည်။

**ဘုရင့်သားတော်လေး**

မင်းသားလေးက "ခင်ဗျား ကျွန်တော်တို့အားလုံးကို ကယ်လိုက်တာပဲ။ အခုတော့ မှော်ဆရာကြီးလည်း သေပြီ။ သူ့ရဲ့တန်ခိုးတွေ

mgyoe.com

လည်း မရှိတော့ဘူး။ ကျွန်တော်ဟာ ဒီတိုင်းပြည်ကိုအုပ်ချုပ်တဲ့ ဘုရင်ကြီးရဲ့သားတော် ဖြစ်ပါတယ်။ ကျွန်တော့်အသက်ကို ကယ်တင်ပေးတဲ့အတွက် ခင်ဗျားကို ဒီရတနာတွေ ခွဲပေးပါမယ်"ဟုပြောသည်။

သူတို့ ရတနာများကို ခွဲဝေပေးပြီးကြသောအခါ ပန်းပဲဆရာနှင့် တောသားတို့သည် မင်းသမီးလေးနှစ်ယောက်နှင့် လက်ထပ်ပြီး ပျော်ရွှင်စွာနေထိုင်သွားကြသည်။ မင်းသားလေးက နွားနို့ညှစ်သောမိန်းကလေးနှင့်လက်ထပ်ပြီး သူတို့နှစ်ယောက်သည် လစ်သူနီးယားနိုင်ငံ၏ ဘုရင်နှင့် ဘုရင်မဖြစ်လာသည်။ ။

●

mgyoe.com

mgyoe.com

## ကံစီမံထားသော အိမ်ထောင်ရေး

ဟိုးရှေးရှေးတုန်းက အလွန်ချမ်းသာသော ဇနီးမောင်နှံ နှစ်ယောက်ရှိသည်။ သူတို့တွင် သားသမီးရတနာမရှိသောကြောင့် သားသမီးရစေရန် ဆုတောင်းကြသည်။ သူတို့ လိုလိုလားလား တောင်းဆိုသောဆုတောင်းသည် ပြည့်ခဲ့သည်။

ဇနီးဖြစ်သူက "ကျွန်မ ကလေးကို တောင်ပေါ်က ဘုန်းကြီးကျောင်းမှာ မွေးချင်တယ်" ဟုပြောသည်။ ထို့ကြောင့် သူတို့ဇနီးမောင်နှံသည် မြေပြန့်နေရာများကို ဖြတ်သန်းပြီး တောင်ရှိရာအရပ်သို့ ခရီးထွက်ခဲ့ကြသည်။

သူတို့ဘုန်းကြီးကျောင်းသို့ မရောက်မီ ညက အမှောင်သန်းလာသည်။ ထို့ကြောင့် သူတို့ဇနီးမောင်နှံသည် တောင်စောင်းရှိ ထူးဆန်းသောအိမ်တစ်လုံးတွင် နားခိုရန်အတွက် ဝင်ရောက်ကြသည်။

ထိုအိမ်တွင် အဘွားအိုတစ်ယောက် နေထိုင်လျက်ရှိပြီး ထိုအဘွားအိုက သူတို့နှစ်ဦးအား အခန်းကျယ်ကြီးတစ်ခုဆီသို့ ခေါ်ဆောင်သွားသည်။ ထိုအခန်းထဲတွင် နောက်ထပ်အဘွားအိုတစ်ယောက်ကို ထိုင်လျက်တွေ့ရသည်။ အခန်းပတ်ပတ်လည်တွင်

mgyoe.com

mgyoe.com

မီးအိမ်များ ချိတ်ဆွဲထားသည်။ တချို့မီးအိမ်များမှာ အလင်းရောင် ပြည့်ပြည့်ဝဝဖြင့် ထွန်းလင်းနေပြီး တချို့မီးအိမ်တို့မှာ မှုန်ဝါးဝါးသာ လင်းလျက်ရှိသည်။ တချို့မီးအိမ်တို့မှာ မီးငြိမ်းလျက်ရှိကြသည်။

**ထူးခြားမှုရှိနေခြင်း**

ညစာစားပြီးသောအခါ သူဌေးကတော်သည် အိပ်ပျော်သွားသည်။ သို့သော် သူ့ခင်ပွန်းဖြစ်သူ သူဌေးမှာ အိပ်မပျော်ဘဲရှိလေသည်။ အကြောင်းမှာ ဤနေရာကြီးသည် သူ၏စိတ်ထဲ၌ ထူးဆန်းနေသလို ခံစားနေရ၍ဖြစ်သည်။

မကြာခဏဆိုသလို တံခါးခေါက်သံကို ကြားနေရသည်။ ထိုအခါများတွင် အိမ်ရှင်အဘွားအိုတစ်ယောက်သည် သတင်းတစ်ခုကို သယ်ဆောင်လာတတ်သည်။ သတင်းသယ်လာသူ အဘွားအိုက "ဆင်းရဲတဲ့ မိန်းမတစ်ယောက်မှာ သမီးလေးမွေးတယ်။ သူ့အတွက် ဘာများဆုပေးမှာလဲ" ဟုမေးသည်။

ထိုအခါ တခြားအဘွားအိုက "ငါ့လက်ထဲမှာရှိတဲ့ဟာ ပေးရမှာပေါ့" ဟု အဖြေပေးသည်။ သူ့လက်ထဲတွင် ရွှေရောင်ချည်ခင်များကို ကိုင်ထားသည့်အခါနှင့်လည်း ကြုံချင်ကြုံနိုင်သည်။

"မင်းသမီးလေးတစ်ပါးမွေးတယ်။ သူ့အတွက် ဘာများ ဆုပေးမှာလဲ"

"ငါ့လက်ထဲမှာရှိတဲ့ဟာ ပေးရမှာပေါ့"

တစ်ခါတစ်ရံ ယခုလိုအဖြေပေးလိုက်သည့်အချိန်တွင် အဘွားအို၏လက်ထဲတွင် မည်သည့်ပစ္စည်းမှ ကိုင်မထားဘဲ ဖုန်မှုန့်များသာ ရှိသည့်အခါလည်း ဖြစ်နိုင်လေသည်။

သူဌေးသည် သူတို့ပြောသောစကားများ နားထောင်နေသည်။

mgyoe.com

အဘွားအိုက "ဒါဆိုရင် သူ့ဇနီးသည် မီးဖွားမယ့်နေရာကို သွားဖို့လုပ်နေတဲ့ ကံမကောင်းတဲ့ သူဌေးလေးအတွက်ကော" ဟု မေးသံကြားလိုက်သည်။

ထိုမေးခွန်းအတွက်အဖြေမှာ "ကလေးအမေက ဆုံးလိမ့်မယ်၊ သူမွေးတဲ့ကလေးက အသက်ရှင်လိမ့်မယ်။ ဒီကလေးမလေးဟာ ညဝတ်အင်္ကျီ ၁၂ ထည်ဝတ်ရမယ်။ ဒါပေမဲ့ လက်မထပ်ရဘဲ အိမ်ထောင်ကျလိမ့်မယ်" ဟုပြောသည်။

နောက်တစ်နေ့မနက်တွင် သူဌေးသည် အိမ်ရှင်အဘွားအိုအား "ဒီအိမ်မှာ ဘယ်သူတွေနေကြတာလဲ" ဟုမေးသည်။

အိမ်ရှင်အဘွားက ယခုလိုဖြေသည်။

"အဘွားတို့ဟာ လူတွေရဲ့ကံကြမ္မာကို ပြောကြရတဲ့လူတွေဖြစ်တယ်။ ဟိုမှာမီးတောက်ပြီး လင်းထိန်နေတဲ့ မီးအိမ်တွေဟာ ကျန်းမာရေးကောင်းတဲ့လူတွေ ဖြစ်တယ်။ မီးရောင်မှိန်မှိန်လေးဖြစ်နေတာ သေခါနီးလူတွေကို ကိုယ်စားပြုတယ်။ မီးငြိမ်းနေတာက သေဆုံးသွားတဲ့အရာဖြစ်တယ်။

သို့နှင့် သူဌေးဇနီးမောင်နှံသည် တောင်ပေါ်သို့ ခရီးဆက်ခဲ့ကြသည်။ ထိုတောင်ပေါ်တွင် သူတို့၏သမီးလေးကို မွေးလေသည်။ သူဌေးကတော်သည် ကလေးမွေးပြီး သေဆုံးသွားသည်။

သူဌေးက "သူတို့ပြောတဲ့ အချက်နှစ်ချက်ထဲက တစ်ချက်ကတော့ မှန်နေပြီ။ နောက်တစ်ချက်ကိုတော့ မဖြစ်အောင် ငါ တားဆီးရလိမ့်မယ်" ဟုပြောသည်။

သူဌေးကြီးသည် သူနေထိုင်ရာအိမ်သို့ ပြန်ရောက်သောအခါ မျှော်စင်တစ်ခု တည်ဆောက်ကာ သူ့သမီးလေးအား ထိုမျှော်စင်ထဲတွင် အထိန်းတစ်ယောက်နှင့်အတူ သော့ခတ်ထားလိုက်သည်။ ထိုအထိန်း

mgyoe.com

 mgyoe.com


က သမီးလေးအတွက် အစစတာဝန်ယူဆောင်ရွက်ပေးရသည်။ သို့နှင့် ကလေးမလေး အရွယ်ရောက်လာကာ အလွန်လှပသော အမျိုးသမီး လေးတစ်ယောက် ဖြစ်လာသည်။

တစ်နေ့တွင် ဘုရင်ကြီးရဲ့သားသည် သူ၏နန်းတော်မှနေ၍ သူဌေးသမီးလေး နေထိုင်နေသော မျှော်စင်ကို လှမ်း၍ကြည့်လိုက် သည်။ သူဌေးသမီးလေးကလည်း မင်းသားလေးကို မြင်သွားသည်။

သူဌေးသမီးလေးသည် အလန့်တကြားဖြင့် "ဒေါ်ဒေါ်........ ဒေါ်ဒေါ် ဒီမှာလာကြည့်ပါဦး။ ဟိုးဘက်က သစ်ပင်ထိပ်ကနေပြီး ထူးဆန်းတဲ့သတ္တဝါတစ်ကောင်က သမီးကိုကြည့်နေတယ်" ဟု ပြော သည်။

ကလေးထိန်းအဒေါ်က "ဒါထူးဆန်းတဲ့သတ္တဝါမဟုတ်ဘူး။ သူက မင်းသားတစ်ပါးပါ။ သူက ဒေါ်ဒေါ်တို့လိုပဲ လူသားတစ် ယောက်ပါ" ဟု ရှင်းပြသည်။

**ညဝတ်အင်္ကျီနှင့်ပြုလုပ်ထားသောကြိုး**

မင်းသားနှင့် သူဌေးသမီးလေးတို့သည် တစ်ယောက်နှင့် တစ် ယောက် ချစ်ခင်သွားကြသည်။ တစ်နေ့တွင် သူဌေးသမီးလေးက သူ၏ ညဝတ်အင်္ကျီ ၁၂ ထည်ကို ဆက်၍ကြိုးကျစ်ကာ မင်းသားလေး မျှော်စင်ပေါ်သို့ တက်လာစေရန် ချပေးလေသည်။ မင်းသားနှင့် သူဌေး သမီးလေးတို့သည် အစဉ်မှေ့ဆုံကြလေသည်။

သို့နှင့် သူဌေးသမီးလေးတွင် သားယောကျ်ားလေး ဖွားမြင် လေသည်။ မင်းသားလေးကလည်း သူ၏ဇနီးနှင့်သားကို နန်းတော် သို့ ခေါ်ဆောင်ရန်ပြင်ဆင်လေသည်။ သို့ရာတွင် ထိုအချိန်တွင် သူ မျှော်စင်ပေါ်သို့တက်ခဲ့သောကြိုးမှာ ဆွေးနေ၍ သူကိုယ်တိုင်ပင်

mgyoe.com

တက်၍မရဖြစ်နေသည်။

သူဌေးသမီးမှာ သူ့ဖခင်ကို အလွန်ကြောက်ရသူဖြစ်သဖြင့် သူ၏သားလေးကို အတူခေါ်ထားရန် မဖြစ်နိုင်ချေ။ ထို့ကြောင့် ခြင်းတောင်းထဲတွင် မင်းသားလေး သူ့ကို လက်ဆောင်ပေးသည့် ပစ္စည်းများနှင့်အတူ ကလေးကိုထည့်ကာ အပေါ်မှ နှင်းဆီပန်းများနှင့် ဖုံးထားလိုက်သည်။

သူဌေးသမီးလေးသည် အထိန်းတော်အားခေါ်၍ "ဒေါ်ဒေါ်က မျှော်စင်အပြင်ဘက်ကိုထွက်ဖို့ အခွင့်ရှိတော့ ဒီခြင်းတောင်းကိုသယ်ပြီး "နှင်းဆီပန်းတွေရမယ်၊ နှင်းဆီပန်းတွေရမယ်" လို့အော်ပြီး နန်းတော်ရောက်တဲ့အထိသွားပါ။ နန်းတော်ရောက်ရင်တော့ ဒီခြင်းကိုထားခဲ့ပြီး မြန်မြန်ပြန်လာခဲ့ပါ" ဟု ပြောဆိုစေခိုင်းသည်။

အထိန်းတော်သည် သူဌေးသမီးပြောသည့်အတိုင်း လုပ်လေသည်။ ထိုကလေးငယ်ပါသောခြင်းကို တွေ့သောလူများက ဘုရင်ကြီးထံသို့ သယ်ဆောင်သွားကြသည်။

ဘုရင်ကြီးသည် ကလေးငယ်နှင့်အတူ နန်းတွင်းမှ အဖိုးတန်ပစ္စည်းအသုံးအဆောင်များကို တွေ့သောအခါ သူ့သားတော်၏ကလေးဖြစ်ရမည်ဟု သိလိုက်သည်။ မင်းသားလေးသည် သူ တိတ်တဆိတ်လက်ထပ်ထားသည်ကို ဘုရင်ကြီးထံ မလျှောက်ဝံ့ချေ။ ဘုရင်ကြီးကမူ ကလေးနှင့် နန်းတွင်းပစ္စည်းများကို မြင်သည်နှင့်သိလေသည်။ ထို့ကြောင့် တိုင်းပြည်တစ်ဝန်း တွင် အမိန့်ထုတ်လေသည်။

"ဤနန်းတော်တွင်းရှိ ငိုနေသောကလေးကို တိတ်အောင် ချော့နိုင်သောသူအား ဘုရင့်နန်းတော်တွင် ကလေးထိန်းအဖြစ် ခန့်အပ်မည်" ဟုဖြစ်သည်။

ထိုဘုရင့်အမိန့်သည် မျှော်စင်အထိရောက်ခဲ့သည်။ သူဌေးကြီး

mgyoe.com

mgyoe.com

မှာ သူ့သမီးလေးကို နန်းတော်သို့ မသွားစေချင်ပါ။ သို့သော် ဘုရင် အမိန့်ဖြစ်သောကြောင့် သူမနာခံ၍မဖြစ်ပေ။

**သူဌေးသမီးလေး၏ ကလေးချော့သီချင်း**

နန်းတော်တွင်းသို့ ရောက်လာသော မိန်းကလေးများသည် သီချင်းသီဆိုကာ ကလေးကိုချော့ကြသည်။ သို့သော် ကလေးမှာ အငို မတိတ်ပါ။ နောက်ဆုံးတွင် မျှော်စင်ပေါ်မှ သူဌေးသမီးအလှည့်သို့ ရောက်သောအခါ အောက်ပါအဓိပ္ပာယ်ရှိသော သီချင်းကို ဆိုလေ သည်။

"မင်းသားလေး မျှော်စင်မှာမရှိခိုက်
မွေးတဲ့မေမေ့သားလေးအိပ်ပါကွယ်
အိပ်ပါ၊ အိပ်ပါ ကလေးရယ်။
နှင်းဆီပန်းတွေနှင့်အတူ
ရောင်းလိုက်တဲ့သားလေးရယ်
အိပ်၊ အိပ်ပါကွယ်"

ချက်ချင်းပင် မိခင်ရင်ခွင်နှင့် မိခင်၏တေးသီချင်းကို နား ထောင်ရင်း ငိုနေသောကလေးသည် အိပ်ပျော်သွားလေသည်။ ဘုရင် ကြီးက "ဒီမိန်းကလေးဟာ ဒီကလေးရဲ့မိခင်ပဲ" ဟုပြောသည်။ ဘုရင် ကြီးသည် မှူးမတ်တို့အား သူ၏သားတော်ကို ခေါ်ယူစေသည်။ မင်းသားကလည်း အလုံးစုံကိုဝန်ခံသည်။

သူဌေးသမီးလေး၏ဖခင် ရောက်လာသောအခါ သူ၏အဖြစ် အပျက်အလုံးစုံကို လျှောက်တင်သည်။ သူက "ကံကြမ္မာမှာ သတ်မှတ် ထားပြီးသားဖြစ်တဲ့အရာကို ဘယ်သူမှပြောင်းလဲလို့မရပါ" ဟု ပြော သည်။

mgyoe.com

သို့နှင့် အားလုံးပျော်ရွှင်စွာနှင့် အဆုံးသတ်ကြသည်။ ဘုရင်ကြီးက သူ့ချွေးမတော်အား အလွန်လှပသော ညဝတ်အင်္ကျီ ၁၂ ထည်ကို လက်ဆောင်ပေးသည်။ ပြီးလျှင် နန်းတော်တွင် ဘုရင်ကြီး၏နန်းမွေဆက်ခံမည့် မြေးတော်လေး မွေးဖွားခြင်း အထိမ်းအမှတ်အဖြစ် ပွဲတော်ကျင်းပလေသည်။ မင်းသားလေးနှင့် သူ၏ဇနီးတို့သည် နောင်အခါ ဘုရင်နှင့် မိဖုရားအဖြစ် တိုင်းပြည်ကို ကောင်းမွန်စွာ အုပ်ချုပ်ကြလေသည်။ ။

mgyoe.com

mgyoe.com

# ပထမဦးဆုံးကြောင်
# (သို့)
# ကြောင်မရှိသောတိုင်းပြည်

ဟိုးရှေးရှေးတုန်းက အဘိုးအိုနှင့် အဘွားအို လင်မယားတို့သည် အလွန်ညစ်ပတ်နံစော်နေသော တဲပုတ်လေးထဲတွင်နေကြသည်။ အမှန်မှာ သူတို့လင်မယားသည် အလွန်ချမ်းသာကြသော်လည်း အဘိုးအိုမှာ အလွန်ကပ်စေးနဲသူဖြစ်သည်။ မကြာခဏ အစာမစားဘဲ အငတ်ခံကာ ပိုက်ဆံစုသူဖြစ်သည်။

တစ်နေ့သော် သူအစာငတ်ခံသည့်ဒဏ်ကြောင့် အားပြတ်ကာ နေမကောင်းဖြစ်ပြီး သေဆုံးသွားသည်။ သူ၏ဇနီးမှာလည်း သူ့ယောကျ်ားကဲ့သို့ပင် အစာအာဟာရပြတ်လပ်သည့်အပြင် နေမကောင်းသူကို ပြုစုရသောကြောင့် သူ့လည်း သေဆုံးသွားသည်။

သူတို့ ကပ်စေးနဲ ဇနီးမောင်နှံတို့ စုဆောင်းထားသော ရွှေများသည် သူတို့၏တစ်ဦးတည်းသောသားက ဆက်ခံသည်။ သူ့ဖခင် သေဆုံးသည့်ညတွင် လူရှယ်သည် ထင်ရှားသော အိပ်မက်ကို မက်သည်။

mgyoe.com

mgyee.com


နတ်သမီးနှင့် သဏ္ဍာန်တူသော တစ်စုံတစ်ယောက်သည် သူ့ရှေ့တွင် ကိုယ်ထင်ပြ၍ ယခုလိုပြောသည်။

"ကျွန်ုပ်ပြောတာကို နားထောင်ပါ။ မင်းရဲ့ အဖေနဲ့ အမေ သေဆုံးသွားပြီးရင် သူတို့ချမ်းသာသမျှအားလုံး မင်းပိုင်ဆိုင်ပြီ။ သူတို့ဥစ္စာပစ္စည်းရဲ့တစ်ဝက်ဟာ မကောင်းတဲ့နည်းတွေနဲ့ ရှာထားတာ ဖြစ်တယ်။ အဲဒီပိုက်ဆံကို ဆင်းရဲတဲ့လူတွေကို ဝေပေးပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီပိုက်ဆံတွေဟာ မင်းအဖေက ဆင်းရဲသားတွေဆီက ခေါင်းပုံဖြတ်ပြီး ယူခဲ့တာဖြစ်လို့ပဲ။ ကျန်တဲ့တစ်ဝက်ကိုတော့ ပင်လယ်ထဲကို လွှင့်ပစ်သင့်တယ်။ အဲဒီလိုပစ်တဲ့အခါ ရေထဲကို ရတနာတွေ မြုပ်သွားတဲ့အထိ မင်းက ကြည့်နေရမယ်။ အဲဒီအချိန်မှာ ရေပေါ်မှာပေါ်လာတဲ့ ဘာပစ္စည်းပဲဖြစ်ဖြစ် ဆယ်ယူရမယ်"

## သူပိုင်ဆိုင်သောပစ္စည်းများကို ပင်လယ်ထဲသို့လွှင့်ပစ်ခြင်း

လူရွယ်သည် အိပ်မက်ထဲတွင် လာရောက်ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်သည်။ သူ၏စိတ်ထဲတွင် မတရားရှာ၍ရထားသောငွေများကို သူ့ကိုယ်ကျိုးအတွက် အသုံးချ၍မဖြစ်ဟု လက်ခံသည်။ ရွာထဲရှိ အဆင်းရဲဆုံးလူများကိုရှာကာ သူ့မိဘအမွေ၏တစ်ဝက်ကို ဝေပေးလိုက်သည်။ ကျန်ငွေတစ်ဝက်ကို ပင်လယ်ကမ်းစပ်သို့သယ်သွားပြီး ပင်လယ်ထဲသို့ လွှင့်ပစ်လိုက်သည်။

ထိုကဲ့သို့ ပိုက်ဆံများ ရေထဲသို့ လွှင့်ပစ်လိုက်ပြီးနောက် ရေထဲမှ ဘာပစ္စည်းမှ ပေါ်လာခြင်းမရှိဘဲ စာရွက်လေးတစ်ခုသာ ပေါ်လာသည်။ သူ့အိပ်မက်ထဲတွင် နတ်သမီးလေးပြောထားသည့် စကားအတိုင်း လိုက်နာကာ ထိုစာရွက်ကို သစ်ကိုင်းဖြင့် လှမ်း၍ယူလိုက်သည်။ သူဆယ်လိုက်သောစက္ကူမှာ ပစ္စည်းတစ်ခုခုကို ထုပ်ထား

mgyee.com